# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၁၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း — ဥပဒေ စာ - ၂

တာချီလိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ကျပ်၊ ဘတ်ဖြင့် တိုက်ရိုက်ပေးချေမည့် ဝန်ဆောင်မှုစနစ် စတင်အသုံးပြုမည် — ပြည်တွင်းသတင်း စာ - ၃

ဂျပန်နိုင်ငံ၌ ဇူလိုင်လတွင် ကုန်သွယ်ရေးလိုငွေပြမှု ယန်း ၁ ဒသမ ၄ ထရီလီယံကျော်အထိရှိ — နိုင်ငံတကာသတင်း စာ - ၁၃

# ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အစီအစဉ်အရ ဩဂုတ်လ တတိယပတ်သည် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖြစ်သည်။ အာဟာရဓာတ်ဟူသည် သက်ရှိသတ္တဝါတိုင်း အသက်ရှင်သန် ကျန်းမာရေးအတွက် လိုအပ်သော ဩဇာဓာတ်ပင်ဖြစ်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးရေး၊ လှုပ်ရှားသွားလာနိုင်ရေး၊ မျိုးဆက်ပွားရေး၊ ခွန်အားနှင့် ရောဂါဘယ ကာကွယ်ရေးအတွက် လိုအပ်သည့်အာဟာရကို အစားအစာများ စားသုံးရာမှ ရရှိခြင်းဖြစ်သည်။

ခန္ဓာကိုယ်အတွက် လိုအပ်သည့် အာဟာရရရှိရန် အစားအစာကို ဝဝလင်လင်လုံလောက်စွာ မစားရလျှင်ဖြစ်စေ၊ စားသည့်အစာမှ အာဟာရလုံလောက်စွာ မရရှိလျှင်ဖြစ်စေ အာဟာရချို့တဲ့မှုဖြစ်ပေါ်လာသည်။ မကြိုက်သည့်အစားအစာဖြစ်၍ မစားခြင်း၊ ကြိုက်သည့်အစားအစာ အနည်းငယ်မျှကိုသာ စားနေခြင်း၊ အစာရှောင်ခြင်း စသည်တို့ကြောင့် အစားအစာကို အမယ်စုံအောင် မစားဖြစ်သည့်အခါ အာဟာရဓာတ်တစ်ခုခု ချို့တဲ့ခြင်းတို့လည်း ဖြစ်စေသည်။ ထို့ပြင် အာဟာရဓာတ်စုံလင်အောင် ချက်ပြုတ်စားသောက်တတ်သည့် ဗဟုသုတနည်းပါးမှုကြောင့်လည်း အာဟာရချို့တဲ့နိုင်သည်။ မိမိတို့နိုင်ငံတွင် ပုညွက်နေသည့် ကလေး ၂၆ ဒသမ ၇ ရာခိုင်နှုန်းရှိနေကြောင်း၊ ကျောင်းနေအရွယ်ကလေးများ၏ သုံးပုံနှစ်ပုံသည် သွေးအားနည်းနေပြီး ယင်းအနက် ၄၅ ရာခိုင်နှုန်းသည် မိန်းကလေးများဖြစ်ကြောင်း စသည့် ကိန်းဂဏန်းများက အာဟာရဖွံ့ဖြိုးရေး မြှင့်တင်မှုနှင့် ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြဆိုနေခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားစဉ်မိခင်သေဆုံးမှုနှုန်းသည် တစ်သိန်းလျှင် ၂၈၂ ဦးရှိခြင်းကြောင့် အရှေ့တောင်အာရှဒေသတွင် ဒုတိယအမြင့်မားဆုံးဖြစ်ပြီး အရှေ့တောင်အာရှဒေသ၏ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားစဉ် မိခင်ပျမ်းမျှသေဆုံးမှုနှုန်း တစ်သိန်းလျှင် ၁၄၀ ထက် နှစ်ဆကျော်လွန်နေသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားမိခင်ကျန်းမာရေးစောင့်ရှောက်မှုတွင် မိခင်များ အာဟာရပြည့်ဝရေးမှာ အထူးအရေးပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်တို့အာဟာရချို့တဲ့ပါက မိခင်ရောကလေးပါ ကျန်းမာရေးထိခိုက်နိုင်ပြီး တစ်ခါတစ်ရံတွင် သေဆုံးသည်အထိ ဖြစ်နိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်အချို့ ကလေးထွားမည်စိုးသဖြင့်ဟူသော အကြောင်းပြချက်ဖြင့် အစားလျှော့ခြင်း၊ ရှောင်ခြင်းတို့မှာ မှားယွင်းပြီး သာမန်အချိန်ထက် တစ်နပ်ပို၍ စားရန်နှင့် အာဟာရဓာတ် အစုံအလင်ပါဝင်အောင် နေ့စဉ်စားသုံးရန် ပညာရှင်များက တိုက်တွန်းထားသည်။ ဖောလစ်အက်စစ်၊ ကယ်လ်စီယမ်၊ သံဓာတ်၊ ဗီတာမင်ဒီ၊ စီ၊ ဘီဝမ်း၊ ဘီတူး၊ ဘီတွဲလ်၊ ဇင့်ဓာတ်ပါ ဆေးဝါးတို့ကို ဆရာဝန်များ၏ လမ်းညွှန်ချက်ဖြင့် သောက်ရန်လည်း လိုအပ်သည်။ နို့တိုက်မိခင်သည်လည်း မိမိအတွက်ရော ကလေးအတွက်ပါ အာဟာရဓာတ် လုံလောက်စွာရရှိစေရန် အစားကိုပိုစားရန်နှင့် အစားမရှောင်ရန်၊ မီးဖွားပြီး တစ်လအတွင်း အင်အားပြည့် ဗီတာမင်အေ ယူနစ် နှစ်သိန်းပါ ဆေးလုံးတစ်လုံး တစ်ကြိမ်သောက်ရန်နှင့် မီးဖွားပြီး သုံးလအထိ ဗီတာမင်ဘီဝမ်းအားဆေး နေ့စဉ်သောက်ရန်လည်း ညွှန်ကြားထားသည်။

ကလေးငယ်များ ကျန်းမာပျော်ရွှင် ရောဂါကင်းစင်စေရန်အတွက် မိခင်များ ကိုယ်ဝန်ဆောင်ကာလနှင့် မီးဖွားပြီး နို့တိုက်မိခင်ကာလတို့မှာပါ အာဟာရပြည့်ဝရန် လိုအပ်သည်။ အာဟာရပြည့်ဝစွာရရှိစေရန်အတွက် အစားအစာအုပ်စု သုံးစုကို နေ့စဉ်မျှတစွာ စားသုံးနိုင်ရန်နှင့် မိမိတို့ဝင်ငွေနှင့် ကိုက်ညီသော အာဟာရပြည့်အစားအစာများကို ကျန်းမာရေးအသိသုတဖြင့် စားသောက်ကြရေး အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄၂/၂၀၂၂)
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) တွင် ပုဒ်မခွဲငယ်(၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(၁) သတ်မှတ်ထားသော အငြိမ်းစားယူရမည့် အသက်ပြည့်သောအခါ အငြိမ်းစားယူရမည်။ ထိုသို့ အငြိမ်းစားယူသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့် ရှိစေရမည်။”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်




နေပြည်တော် ဩဂုတ် ၁၇

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈) ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **မဇ္ဇပါနာ စ သံယမော (သေရည်မျိုးတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း)** အစီအစဉ်ကို ဩဂုတ် ၂၀ ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ရှုဝ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နန်းဝင်း (ရွှေနန်းသဘင်)၊ အကယ်ဒမီ မေသဥ္ဇာဦးတို့ ဦးဆောင်ပြီး ရန်ရှင်းမောင်၊ ထက်မြတ်အောင်၊ ပန်းကဗျာနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ဩဂုတ် ၂၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင် ထိုတင်ဆက်မှုကို ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၇

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးကို လက်တွေ့ကျကျ အပြုသဘောသုံးသပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးထားပြောကြားပြီး မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နောင်တွင် နိုင်ငံသားကတ်ရရှိပြီးသူများအနေဖြင့် e-ID စနစ်လုပ်ငန်းဆောင်ရွက်ရာ၌ အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်မည်





**နေပြည်တော် ဩဂုတ် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာရှိ ဓမ္မသုခလယ်ပြင်ဦး ကျောင်းတိုက်ဓမ္မာရုံ၌ ကျောက်ချက်ကျေးရွာအုပ်စုအတွင်းရှိ ကျောက်ချက်၊ အလယ်ရွာ၊ ထိန်ပင်၊ ရှမ်းရွာ၊ အိုင်စောက် စသည့်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး အပြည့်အဝ ရရှိနိုင်ရေးအတွက် အထောက်အထားတစ်ခုဖြစ်သည့် နိုင်ငံသားကတ် ထုတ်ပေးခြင်းလုပ်ငန်းကို ယခုအခါ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံသားကတ်သည် နိုင်ငံသား တစ်ယောက်အတွက် လူမှုစီးပွားဘဝ ဆောင်ရွက်မှုတိုင်း၌ မရှိမဖြစ်အရေးကြီးသည့် ကတ်ပြားတစ်ခု ဖြစ်ကြောင်း၊ ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးရာတွင် လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များအား နိုင်ငံတော်မှ ကျခံ ပေးထားသည့်အတွက် ကတ်ပြား မဆောင်ရွက်ရသေးသူများက ၎င်းတို့၏ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ အသိပေးဆောင်ရွက်ကြရန်သာ ဖြစ်ကြောင်း။

လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွက် ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲနိုင်ရေးအတွက် e-ID စနစ်ကို မိမိတို့ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နောင်တွင် နိုင်ငံသားကတ် ရရှိပြီးသူများအနေဖြင့် e-ID စနစ်လုပ်ငန်း ဆောင်ရွက်ရာ၌ အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသားအားလုံး နိုင်ငံသားကတ် ရရှိကိုင်ဆောင်နိုင်ရေးသည် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ကာ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ရပ်မိရပ်ဖများကလည်း မိမိဒေသခံပြည်သူများအနက် နိုင်ငံသားကတ် မရှိသေးသူစာရင်းများ ပြုစု၍ သက်ဆိုင်ရာ မြို့နယ်ရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးကြစေလိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက နိုင်ငံသားကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းနှင့် ပတ်သက်၍ သိရှိလိုသည်များနှင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြား၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျောက်ချက် ကျေးရွာအုပ်စုအတွင်းရှိ ရွာသူရွာသားများအတွက် ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်များကို ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ကြရာ သက်ဆိုင်ရာ ကာယကံရှင်များက လက်ခံရယူကြပြီး ရွာသူရွာသားများ ကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ကျောက်ချက် ကျေးရွာအုပ်စုအတွင်းရှိရွာသူရွာသားများအနက် နိုင်ငံသားကတ် မရှိသူများ၊ အသက်ပြည့်မီလာသူများ၊ ပျောက်ဆုံးပျက်စီးမှုနှင့် လဲလှယ်သူများ အပါအဝင် နိုင်ငံသားစိစစ်ရေးကတ် စုစုပေါင်း ၃၃၅ ကတ်ကို ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓမ္မသုခ လယ်ပြင်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိလောကအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ကျပ်၊ ဘတ်ဖြင့် တိုက်ရိုက်ပေးချေမည့် ဝန်ဆောင်မှုစနစ် စတင်အသုံးပြုမည်

**တာချီလိတ် ဩဂုတ် ၁၇**

မြန်မာ-ထိုင်းနယ်စပ်ဒေသ တာချီလိတ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ဩဂုတ် ၁၇ ရက်မှစတင်ပြီး ကျပ်၊ ဘတ်ဖြင့် နိုင်ငံခြားငွေ တိုက်ရိုက်ပေးချေသည့် ဘဏ်အကောင့်ဖွင့်လှစ်၍ အသုံးပြုနိုင်မည့် ဝန်ဆောင်မှုကို စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လွှဲပို့ငွေနှင့် ပို့ကုန်ပြန်ရငွေအားလုံးသည် ဘဏ်စနစ်ဖြင့်သွားရမည်ဖြစ်၍ ထိုင်း-မြန်မာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတွင် ကျပ်၊ ဘတ် တိုက်ရိုက်အသုံးပြုပေးချေမှုအတွက် ဆောင်ရွက်ခွင့်ရသည့်ဘဏ် (Designated Bank) အဖြစ် ယခုနှစ် မေလမှစတင်ပြီး ရောဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်ကို သတ်မှတ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဘဏ်တစ်ခုတည်းဖြစ်နေ၍ လုပ်ငန်းလိုအပ်ချက်အရ မြန်မာ့စီးပွားရေးဘဏ်ကို Designated Bank အဖြစ် ထပ်မံသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ် (ရှမ်းပြည်နယ်ရုံး) ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ပြောသည်။

ဩဂုတ် ၁၇ ရက်မှစတင်၍ မြန်မာ့စီးပွားရေးဘဏ်(တာချီလိတ်)တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက ဘတ်ငွေစာရင်းနှင့် ကျပ်ငွေစာရင်း အကောင့်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ စာရင်းဖွင့်လှစ်ရန်အတွက် သက်တမ်းရှိသော ပို့ကုန်သွင်းကုန်လုပ်ငန်းလိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်စာရင်း၊ ကုမ္ပဏီအစည်းအဝေးမှတ်တမ်း၊ ဘတ်ငွေပေးသွင်းမည်ဆိုပါက နိုင်ငံခြားသုံးငွေရရှိသော အထောက်အထား၊ စာရင်းဖွင့်လျှောက်လွှာနှင့်အတူ ထိုင်းဘတ်ငွေ ၁၀၀ သို့မဟုတ် ၎င်းနှင့်ညီမျှသော ကျပ်ငွေဖြင့် စာရင်းဖွင့်လှစ်နိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

နယ်စပ်ကုန်သွယ်ရေးတွင် အမေရိကန်ဒေါ်လာသုံးစွဲမှုလျှော့ချနိုင်ရန် ရည်ရွယ်ပြီး ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်မှုတွင် ကျပ်၊ ဘတ် တိုက်ရိုက်အသုံးပြုပေးချေခြင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုင်း-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုကို တိုးမြှင့်နိုင်ရန်၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်၊ ပြည်တွင်းကျပ်ငွေသုံးစွဲမှုကို တိုးမြှင့်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

လက်ရှိ ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးကို နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ ထီးခီး၊ မြိတ်၊ မောတောင်နှင့် မဲဆောက်တို့မှတစ်ဆင့် ပြုလုပ်လျက်ရှိပြီး အများစုအနေဖြင့် မြဝတီမှတစ်ဆင့် တင်သွင်း၊ တင်ပို့မှုပြုလုပ်နေကြောင်း သိရသည်။

**သန်းဇော်**

(ပြန်/ဆက်)

# ၂၀၂၂ ခုနှစ် ပထမခြောက်လပတ် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားခဲ့သည်များကို ထပ်ဆင့်မှာကြားရှင်းလင်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ခြောက်လပတ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားခဲ့သည်များကို ပြည်ထောင်စုဝန်ကြီးက ထပ်ဆင့်မှာကြား ရှင်းလင်းခြင်းနှင့် လမ်းညွှန်ချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (ယာပုံ)

**အစီအစဉ်များကို တင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၏ ထပ်ဆင့်မှာကြားရှင်းလင်းမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဌာန အကြီးအကဲများက ဌာနအလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသည့် သုံးသပ်ချက်များကို လည်းကောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ခြောက်လပတ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့်



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအပေါ် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်တပ်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိခဲ့သည့်လုံခြုံရေးတပ်ဖွဲ့များအား ချီးကျူးဂုဏ်ပြု

**ရေတာရှည် ဩဂုတ် ၁၇**

ရေတာရှည် တပ်နယ်အတွင်း အကြမ်းဖက် သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့များအား ချီးကျူးဂုဏ်ပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ အမှတ်(၅) စစ်အခြေခံလေ့ကျင့်ရေးတပ် နယ်မြေခံတပ်နယ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းတို့က ဩဂုတ် ၁၃ ရက်တွင် ရေတာရှည်မြို့နယ် စည်ပင်သာကျေးရွာအနီး အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိဘဲ လက်နက်ခဲယမ်းများစွာ သိမ်းဆည်းရရှိခဲ့မှုအပေါ် ချီးမြှင့်ဂုဏ်ပြုစကားများ ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချီးမြှင့်ငွေကျပ်သိန်း ၅၀ နှင့် ဂုဏ်ပြုမှတ်တမ်းကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းက ချီးမြှင့်ငွေကျပ် ၃၉ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ချီးမြှင့်ငွေကျပ် ၁၀ သိန်း၊ ရေတာရှည်တပ်နယ်မှ ချီးမြှင့်ငွေကျပ် ငါးသိန်း၊ ဌာနဆိုင်ရာများက ချီးမြှင့်ငွေကျပ် ငါးသိန်းနှင့် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးက ချီးမြှင့်ငွေကျပ် ငါးသိန်း ဂုဏ်ပြုချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖမ်းဆီးရမိခဲ့သည့် လက်နက်ခဲယမ်းများအား ကြည့်ရှုကြသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် စည်ပင်သာကျေးရွာအနီး ဩဂုတ် ၁၃ ရက် အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိဘဲ လက်နက်မျိုးစုံ ၂၇ လက်၊ ကျည်/ခဲယမ်းမျိုးစုံ အတောင့် ၇၈၀၊ ဗုံးခြောက်လုံး၊ ကျည်အိမ်မျိုးစုံ အခု ၂၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂီတစာဆိုမောင်ကြေးမုံအမှတ်တရ တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




**နေပြည်တော် ဩဂုတ် ၁၇**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show တင်ဆက်မှုအဖြစ် ဂီတစာဆိုမောင်ကြေးမုံ အမှတ်တရ တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ် – ၁)ကို ဩဂုတ် ၁၉ ရက်(သောကြာနေ့) ည ၈ နာရီ ပြည်တွင်းသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် The Friends တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နေအောင်၊ လွှမ်းပို၊ လွှမ်းမိုးအောင်၊ ရွှေဖြူ၊ မြတ်နိုးစံ၊ မို့မို့ကျော်လွင်၊ ရတီလင်းလက်၊ ရွှေပန်းချီနှင့် ယွန်းနဒီပိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဩဂုတ် ၂၁ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဩဂုတ် ၁၇**

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၇၉) ကို ဩဂုတ် ၁၉ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ် တင်ဆက်သူ ကျော်ကျော်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ၁၉၊ ၂၀ နှင့် ၂၁ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HDမှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၇**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၁၉ ဒသမ ၇၆ လက်မ၊ ကျိုက်မရောမြို့တွင် ၁၃ ဒသမ ၉၄ လက်မ၊ ပေါင်မြို့တွင် ၁၀ ဒသမ ၉၈ လက်မ၊ ချောင်းဆုံမြို့တွင် ၁၀ ဒသမ ၈၃ လက်မ၊ ခရမ်းမြို့တွင် ၉ ဒသမ ၄၀ လက်မ၊ ရေးမြို့နှင့် မုဒုံမြို့တို့တွင် ၉ ဒသမ ၂၉ လက်မစီ၊ မော်လမြိုင်မြို့တွင် ၉ ဒသမ ၂၁ လက်မ၊ ရန်ကုန် (မရမ်းကုန်းမြို့နယ်) တွင် ၆ ဒသမ ၆၉ လက်မ၊ သထုံမြို့တွင် ၆ ဒသမ ၃၈ လက်မ၊ ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) တွင် ၅ ဒသမ ၅၆ လက်မနှင့် ကြာအင်းဆိပ်ကြီးမြို့တွင် ၄ ဒသမ ၉၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံမှ နှစ်စဉ်ပျမ်းမျှ ဝါးအလုံးရေ ၁၄၇ သန်းနှင့် ကြိမ်အလုံးရေ ၄ ဒသမ ၈ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပဝင်ငွေများ ရရှိနေ

**နေပြည်တော် သြဂုတ် ၁၇**

မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန်ရှိ United Wood Industries စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံသည် အာရှတွင် တတိယမြောက် ဝါးနှင့်ကြိမ် သယံဇာတကြွယ်ဝသောနိုင်ငံဖြစ်ပြီး ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုး၊ ကြိမ်မျိုးစု ခြောက်မျိုးနှင့် ကြိမ်မျိုးစိတ် ၃၂ မျိုး ပျံ့နှံ့ပေါက်ရောက်လျက်ရှိရာ စီးပွားရေးအရ အရေးပါသော ဝါးမျိုးစိတ် ၁၈ မျိုးနှင့် ကြိမ်မျိုးစိတ် ၁၄ မျိုးရှိကြောင်း၊ နှစ်စဉ်ပျမ်းမျှ ဝါးအလုံးရေ ၁၄၇ သန်းနှင့် ကြိမ်အလုံးရေ ၄ ဒသမ ၈ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်တွင်း/ပြည်ပဝင်ငွေများ ရှာဖွေပေးလျက်ရှိကြောင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှုတွင် ကုန်ကြမ်းများတင်ပို့ခြင်းထက် ဝါးအချောထည်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ကြိမ်နှင့်ဝါးအခြေခံ စက်မှုလုပ်ငန်းများ တိုးတက်လာစေရန်အတွက် စက်ရုံများအတွက် လိုအပ်သောဝါးကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေးအတွက် သဘာဝတောများမှသာမက ဝါးစိုက်ခင်းများ တည်ထောင်၍ ဖြည့်ဆည်းဆောင်ရွက်သွားရန် လိုကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများတွင် ဝါးစိုက်ပျိုးမှု တိုးမြှင့်ဆောင်ရွက်ပြီး လိုအပ်သော ပျိုးပင်နှင့် စိုက်ပျိုးနည်းပညာများကို ဖြန့်ဝေသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များနှင့် ဝါးစိုက် တောင်သူများ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ဌာနမှပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ဝါး၊ ကြိမ် ပေါက်ရောက်မှု၊ ထုတ်လုပ်နိုင်မှု၊ စိုက်ပျိုးပျိုးထောင်မှုနှင့် ဝါးအချောထည်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်အချောထည်စက်ရုံအတွင်း တန်ဖိုးမြှင့်သစ်အချောထည် ပစ္စည်းများထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်နှင့် ဝါးကုန်ချောပစ္စည်းနှင့် ပရိဘောဂထုတ်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ်ရှိ Green Gold Industry သစ်အချောထည်စက်ရုံအတွင်း ကျွန်း၊ ပျဉ်းကတိုးကြမ်းခင်း၊လှေကား၊တံခါးနှင့်ပရိဘောဂထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ (၁ / ၂၀၂၂) ညှိနှိုင်းစည်းဝေး

**နေပြည်တော် သြဂုတ် ၁၇**

၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ (၁/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေး ဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်အဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီမှ ပြည်ထောင်စု မူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းအရေအတွက် ၉၉၄၂ ခု အနက် တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းသည့်လုပ်ငန်းအရေအတွက်မှာ ၄၂၉ ခုရှိသည့်အတွက် ဝန်ကြီးဌာနများမှဦးစီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းအရေအတွက်မှာ ၉၅၁၃ ခု ဖြစ်ပါကြောင်း။

၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ အချိန်မီပြီးစီးအောင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်သို့ လွှဲပြောင်းပေးသည့် လုပ်ငန်းများ၏ ခန့်မှန်းခြေစာရင်းများ စိစစ်ပြီးပါက တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ အတည်ပြုချက်ရယူရန် ဘဏ္ဍာရေးနှစ် မကုန်မီပေးပို့ရန် လိုအပ်ပါကြောင်း၊ ရေးဆွဲပြီး ခန့်မှန်းခြေစာရင်းများကို သတ်မှတ်ထားသည့် အခွင့်အာဏာအလိုက် သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုချက် (Technical Sanction) ချမှတ်ထားရန် ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီမှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှု၊ ကျွမ်းကျင်မှုဆိုင်ရာခွင့်ပြုချက်အရ သုံးစွဲငွေနှင့် ခြားနားငွေများကို အတည်ပြုထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် စစ်ဆေးမှုခံယူရာတွင် ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုချက် (Technical Sanction) ရယူထားသည့် ခန့်မှန်းခြေစာရင်းဖြင့် စစ်ဆေးမှုခံယူရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ Real Time Audit နှင့်အညီ စစ်ဆေးဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ အတွင်းရေးမှူး၊ ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် အသီးသီးအကြံပြု ဆွေးနွေးတင်ပြမှုတို့အပေါ် ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရန်ကုန်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး စီမံဆောင်ရွက်လျက်ရှိ

**ရန်ကုန် သြဂုတ် ၁၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)သည် ရန်ကုန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းချိန်နှင့် ဒီရေတက်ချိန် တိုက်ဆိုင်ပါက မြို့တွင်းရှိချောင်းများ၊ ရေနုတ်မြောင်းများမှ ရန်ကုန်မြစ်၊ ပဲခူးမြစ်၊ ငမိုးရိပ်ချောင်းများအတွင်းသို့ စီးဝင်သည့် မြစ်ထွက်ပေါက်များ၏ ရေတံခါးများပိတ်၍ တပ်ဆင်ထားသည့် ရေစုပ်စက်များဖြင့် မြို့တွင်းမှ ရေအားစုပ်ထုတ်၍ ရေကြီးရေလျှံမှုမဖြစ်အောင် စီမံဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တွင် ယမန်နေ့ နံနက်မှ ယနေ့နံနက်အထိ မိုးရေချိန် ၆ ဒသမ ၆၉ လက်မအထိ သည်းထန်စွာ ရွာသွန်းခဲ့ပြီး ယနေ့နံနက်ပိုင်းက ဒီရေ ၁၉ ဒသမ ၈၈ ပေထိ မြင့်တက်ခြင်းတို့ကြောင့် ရန်ကုန်မြို့တွင်း ရေကြီးရေလျှံမှုမဖြစ်စေရန် ရေစီးရေလာကောင်းမွန်ရေး စီမံဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး၊ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၇ နာရီက လမ်းမတော်မြို့နယ် (၁) ရပ်ကွက် အောင်ရတနာလမ်းတွင် လသာမြို့နယ် လမ်းမတော်မြို့နယ်များတစ်လျှောက် စီးဆင်းလာပြီး ရွာသစ်ချောင်းအတွင်းသို့ စီးဝင်သည့် ကျုံးကြီးမြောင်း ရေစီးရေလာအခြေအနေကိုလည်းကောင်း၊ မော်တင်ယာယီဈေး ရပ်ကွက်၊ ကမ်းနားလမ်းရှိ ရွာသစ်ချောင်း မြစ်ထွက်ပေါက်တွင် ရေတံခါးများပိတ်၍ တစ်နာရီလျှင် ရေဂါလန် ၁၉၀၀၀၀ စုပ်ယူနိုင်သည့် ရေစုပ်စက်ဖြင့် ရန်ကုန်မြစ်အတွင်းသို့ ရေစုပ်ထုတ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခုအခါ မုတ်သုံလေအားအလွန်ကောင်းခြင်းနှင့် အရှေ့ဘက်မှဆင်းလာသည့် လေပွေလှိုင်းများကြောင့် ကမ်းရိုးတန်းဒေသတစ်လျှောက် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဆက်လက်၍ မိုးထစ်ချုန်းရွာရန် ခန့်မှန်းထားသဖြင့် ရန်ကုန်မြို့တွင် ရေကြီးရေလျှံမှုမဖြစ်အောင် ဘက်စုံမှ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် သြဂုတ် ၁၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေး လက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် အားသွန်ခွန်စိုက် ဆောင်ရွက်

မြိတ် ဩဂုတ် ၁၇
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် သည် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့ နံနက် ၁၁ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ရေပုန်းရပ်ကွက်ရှိ ကက်သလစ်ခရစ်ယာန်ပရဟိတဂေဟာသို့ သွားရောက်ပြီး သာသနာပိုင်ဘုန်းတော်ကြီး ဘရူနိုဖီလစ် သာသနာပြုဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ငယ်စဉ်ကတည်းက သိရှိထားကြရမည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသည်သာလျှင် တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ ကိုးကွယ်ယုံကြည်ရာဘာသာတရားကို အလေးထား၍ မိဘကျေးဇူး၊ သင်ဆရာ၊ မြင်ဆရာများ၏ ကျေးဇူးကိုဆပ်နိုင်အောင် ကြိုးစားသင်ယူပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုစေရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ကက်သလစ်ခရစ်ယာန်ပရဟိတဂေဟာသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကက်သလစ် ခရစ်ယာန်ပရဟိတဂေဟာသို့ KN 95 Mask ၁၈၅၀ နှင့် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ သာသနာပိုင် ဘုန်းတော်ကြီးက လက်ခံသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့နယ် တလိုင်းစုရပ်ကွက်ရှိ ကက်သလစ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိပြီး ဘုန်းတော်ကြီးနှင့် တာဝန်ရှိသူများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကရင်၊ ဆလုံ(မော်ကင်)၊ မွန်နှင့် ထားဝယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များအနေဖြင့်လည်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းပြီး နိုင်ငံရေးပါတီ လွှမ်းမိုးသည့် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ မဖြစ်ရန်လိုအပ်သကဲ့သို့ အရောင်အသွေးကင်းသည့် စာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့အဖြစ် ရပ်တည်ရန်လိုအပ်ကြောင်း၊ စာပေနှင့် ယဉ်ကျေးမှု ပပျောက်လျှင် လူမျိုးပါပျောက်မည်ဖြစ်၍ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် စဉ်ဆက်မပြတ် အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားဘာသာသင် (TA/LT) ဆရာ ဆရာမများ၏ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဒေသတွင်း လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နေကြာသီးနှံကို ဧက ၁ ဒသမ ၅ သန်း အထိ တိုးချဲ့စိုက်ပျိုးမည်

နေပြည်တော် ဩဂုတ် ၁၇
ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှု ကြီးကြပ်ရေး ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှု ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး က မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်နှင့် စားသုံးဆီဖူလုံစေရန် ရည်ရွယ်၍ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီက မေ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် - ၁/၂၀၂၂ ဖြင့် “ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ” ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ကြောင်း၊ ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် စားသုံးဆီတင်ပို့ရောင်းချနိုင်ရေး အတွက် ဘဏ္ဍာနှစ်အလိုက် နေကြာနှင့် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရန်၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးလာရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ရာ တောင်သူများ၏ လိုအပ်ချက်၊ ပုဂ္ဂလိကပိုင်း၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အစည်းအဝေး၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးတွင် နေကြာသီးနှံကို ဧက ၁ ဒသမ ၅ သန်း အထိ တိုးချဲ့စိုက်ပျိုးရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်ကိစ္စ၊ စီမံကိန်းအတွက် လိုအပ်သော ရန်ပုံငွေရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေ ရရှိရေး၊ သွင်းအားစုများဖြစ်သော မျိုး၊ မြေဩဇာ၊ ဒီဇယ်ဆီတို့ကို



ရာသီအချိန်မီ ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမည့်ဧကများကို ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် လျာထားအထွက်ရရှိရေး ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ စိုက်ပျိုးထွက်ရှိသော နေကြာသီးနှံများ ဈေးကွက်ရရှိရေးနှင့် ဆီထုတ်လုပ်မှု အဆင်ပြေချောမွေ့စေရေးအတွက် တောင်သူလယ်သမားများ၊ သီးနှံဝယ်ယူသူများနှင့် ဆီကြိတ်ခွဲရေး လုပ်ငန်းရှင်များအကြား မိတ်ဖက်ဖွဲ့စည်းခြင်းဖြင့် နေကြာ သီးနှံတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေး၊ ခုန်၊ ပစ်(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်းဆု ရရှိသည့် အသင်းအား တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင် ဆုချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၁၇
အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ပြေး၊ ခုန်၊ ပစ် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်များဖြစ်သည့် မီတာ ၁၀၀ (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ၊ မီတာ ၁၅၀၀ (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ၊ မီတာ ၄၀၀ တန်းကျော် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ၊ လက်ဆင့်ကမ်း (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသား ရစ်သင်း၊ အမျိုးသမီး ရစ်သင်း၊ ပြိုင်ပွဲအမျိုးအစား ၁၈ မျိုးတို့ဖြင့် ဩဂုတ် ၁၀ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် မွန်ပြည်နယ်ကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြု

**မော်လမြိုင် ဩဂုတ် ၁၇**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ဒုတိယဆုရရှိခဲ့သော မွန်ပြည်နယ် အသက်(၁၉) နှစ်အောက် အမျိုးသားဘောလုံးအသင်းနှင့် ပိုက်ကျော်ခြင်းအသင်းတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

**ပံ့ပိုးကူညီ**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အားကစားနည်းများအလိုက် ပြိုင်ပွဲများ ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည်များကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အောင်ပွဲရအားကစားသမားများ



အနေဖြင့် ပြည်နယ်ကိုယ်စားပြု အားကစားသမားကောင်းများမှသည် နိုင်ငံလက်ရွေးစင် အားကစားသမားများကောင်းများ ဖြစ်ထွန်းလာစေရေး စွမ်းစွမ်းတမံ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ မွန်ပြည်နယ် အသက် (၁၉) နှစ်အောက် ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင် ဦးဝင်းခိုင်ထွန်းနှင့် ပိုက်ကျော်ခြင်းအသင်းအုပ်ချုပ်သူ ဒေါ်နွယ်နွယ်ထွေးတို့က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့ကြသည့် အားကစားအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (ဝဲပုံ)

ညနေပိုင်းတွင် ၂၀၂၂ ခုနှစ် မွန်ပြည်နယ် ဝန်ကြီးချုပ် ဖလား ၁၀ မြို့နယ်၊ အသက် (၁၆) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မော်လမြိုင်မြို့ ကျောင်းသားအားကစားကွင်း၌ ဆက်လက်ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက် အမှာစကားပြောကြားခဲ့ပြီး အဖွင့်ပွဲစဉ်အဖြစ် မော်လမြိုင် မြို့နယ်ဘောလုံးအသင်းနှင့် ချောင်းဆုံမြို့နယ် ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများကို လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် ဩဂုတ် ၁၆ ရက်နှင့် ယနေ့တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့နယ်/ကျေးရွာများကို လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

မွန်ပြည်နယ်အတွင်းရှိ ချောင်းဆုံမြို့နယ် ကဒါကျေးရွာ၊ ကလောကျေးရွာနှင့် ကွမ်သဲကျေးရွာ၊ မုဒုံမြို့ရှိ မြို့မ ၄ ရပ်ကွက်၊ အုတ်ကျင်းရပ်၊ လမိုင်းမြို့နယ်၊ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာ၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ်၊ မော်လမြိုင်မြို့ရှိ သီရိမြိုင်ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မင်္ဂလာဒုံမြို့နယ်ရှိ ပေါက်ကုန်းရပ်ကွက်နှင့် ပလရရပ်ကွက်၊ ကြံခင်းစုရပ်ကွက်၊ မှော်ဘီမြို့နယ် သန္တေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာနှင့် သံတံတားကျေးရွာ၊ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ၊ အေးသာယာရပ်ကွက်၊ ကျောင်းတန်းမြို့နယ် မရမ်းဘေးကျေးရွာ၊ ပုတ္တလုတ်ကျေးရွာ၊ သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာ ၂၉ ရွာ၊ ခရမ်းမြို့နယ် ဘိုကလေးကျေးရွာနှင့် အုန်းပင်ကျေးရွာ၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ် (၂၄) ရပ်ကွက်နှင့် အမှတ် (၂၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အမှတ် (၁၂) ရပ်ကွက်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျိုက်လတ်မြို့နယ်၊ ထရော်ရွာသစ်နှင့် ကျုံမငဲ့ကျေးရွာ၊ ငပုတောမြို့နယ် သစ်ရောင်းကျေးရွာအုပ်စု၊ သံပတ်ကွင်းကျေးရွာနှင့် ရခိုင်ပြည်နယ်အတွင်း ကျောက်ဖြူမြို့နယ်၊



ကျောက်ဖြူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်သားများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးဆောင်ရွက်စဉ်။



ရေဘေးသင့်ပြည်သူများအား သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

အစိုးရရပ်ကွက်၊ စေတီတောင်ရပ်ကွက်၊ ကုလားဘာတောင်ရပ်ကွက်နှင့် မြစ်နားတန်းရပ်ကွက်တို့၌ ဩဂုတ် ၁၆ ရက်နှင့် ယနေ့တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် တောင်ကမ်းပါးယံပြိုကျခြင်း၊ အဆောက်အအုံ၊ လူနေအိမ်၊ ဈေးဆိုင်များပျက်စီးခြင်း၊ အခြေခံပညာကျောင်းများအုတ် တံတိုင်းပျက်စီးခြင်း၊ ကျေးလက်ဆေးပေးခန်းတို့မှာ အမိုးလန်ပျက်စီးခြင်းနှင့် တံတားများပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားများက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ရေဘေးသင့် ပြည်သူများအား ယာယီ ကယ်ဆယ်ရေးစခန်းနှင့် ရေဘေးလွတ်ကင်းရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ပြိုကျပျက်စီးနေသော အဆောက်အအုံအမိုးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း၊ မြေထပ်မံပြိုကျမှု မရှိစေရေး သစ်လုံးများ ရိုက်ခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်္ဂပူမြို့နယ်၌ မိုးနေကြာစိုက်တောင်သူများအား စိုက်ပျိုးစရိတ် ထုတ်ချေး

**အင်္ဂပူ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)ရုံး၌ ယမန်နေ့ မွန်းလွဲပိုင်းက ၂၀၂၂ ခုနှစ် ဆီထွက်သီးနှံမိုးနေကြာစိုက်ပျိုးသည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့် အခမ်းအနား ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ) မြို့နယ်မန်နေဂျာ ဒေါ်မြတ်သီတာက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ချေးငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ရာ မိုးနေကြာစိုက်တောင်သူများက လက်ခံရယူသည်။ ထိုသို့ချေးငွေထုတ်ရာတွင် အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်စုမှ ၂၀၂၁ခုနှစ် မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေ ပြေကြေပြီး တောင်သူ ၁၄ ဦးအား နေကြာစိုက်ပျိုးစရိတ်ချေးငွေ တစ်ကေလျှင် ၁၅၀၀၀၀ နှုန်းဖြင့် စိုက်ဧက ၂၇ ဧကအတွက် စုစုပေါင်းချေးငွေကျပ် ၄၀၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်**
**(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ၁၉/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်



**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၁၉/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၂) ကို ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်တို့ အောင်မြင်စေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများပါဝင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့မှု အခြေအနေများ၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည့် အခြေအနေများ။

ငြိမ်းချမ်းရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် EAO အဖွဲ့ ၁၀ ဖွဲ့တို့ဖြင့် တွေ့ဆုံဆွေးနွေးခဲ့မှု၊ ဆွေးနွေးခဲ့ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့် အခြေအနေများနှင့် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံဆွေးနွေးရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။

မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အတိုင်း နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိစဉ် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ၂၀၂၂ ခုနှစ် နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ (International Army Game–2022)နှင့် တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd CISM World Cadet Games) တွင် မြန်မာ့တပ်မတော် ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်နေမှုနှင့် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့်အခြေအနေများ။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် လည်းကောင်း၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံအဖြစ်လည်းကောင်း၊ ဆွေမျိုးပေါက်ဖော်နိုင်ငံအဖြစ် လည်းကောင်း ခိုင်မာစွာရပ်တည်သွားမည့်အခြေအနေများ၊ (၅၅) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုအခြေအနေများ။

ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ဒေသအချို့တွင် အကြမ်းဖက်မှုလုပ်ရပ်များအပါအဝင် အခြားလုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ PowerPoint Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနဲ့ တရားမဲ့ပြုကျင့်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှု အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ PowerPoint Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

**ဆက်လက်ဖော်ပြသွားမည်**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်း ရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကျေးရွာများသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲတက်ရောက်

**တပ်ကုန်း ဩဂုတ် ၁၇**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) ကျေးရွာများသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကျေးရွာများတွင် ပါဝင်သည့် တောင်သူများအနေဖြင့် ရရှိသော ရန်ပုံငွေများကို အသုံးပြု၍ ဆီထွက်သီးနှံများ အောင်မြင်ရေး အလေးထား စိုက်ပျိုးကြရန်၊ တောင်သူများ လိုအပ်လျက်ရှိသော မျိုးစေ့သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေများ ပံ့ပိုးပေးနိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်မှ စတင်၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ မတည်ထူထောင်ပေးကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း၍လည်းကောင်း၊ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးထိန်လင်းဟန်က ဆီးထွက်သီးနှံ အထွက်တိုးနှုန်းမြင့်မားရေးအတွက် စိုက်ပျိုးရမည့် နည်းလမ်းများ ရှင်းလင်းပြောကြားပြီးနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကျေးရွာများ ဖြစ်သည့် ရှောက်ကုန်းကျေးရွာ၊ အောင်မြေရိပ်သာကျေးရွာ၊ ဆင်သေကျေးရွာနှင့်သပြေသာ ကျေးရွာများသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## တံတားဦး၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စွမ်းအားမြှင့်အေဝမ်းမီးဖိုများ ဖြန့်ဝေ

**တံတားဦး ဩဂုတ် ၁၇**

တံတားဦးခရိုင် တံတားဦးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြှင့် အေဝမ်းမီးဖို ပေးအပ်ခြင်းကို ဩဂုတ် ၁၆ ရက်က တံတားဦးမြို့နယ် တပယ်ကျေးရွာ ရာပြည့်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြှင့် အေဝမ်းမီးဖိုပေးအပ်ပွဲတွင် တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသော်နိုင်ဦးက ကျေးလက်နေပြည်သူများ သစ်တောသစ်ပင်များ၏ တန်ဖိုးနှင့် အနှစ်သာရကို သိရှိနားလည်ပြီး သစ်တော ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်လာခြင်းဖြင့် သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အတွက် သဘာဝတောများ ပျက်စီးပြုန်းတီးမှု တဖြည်းဖြည်း လျော့နည်းလာမည်ဖြစ်ကြောင်း၊ ထို့ပြင် လယ်ယာစိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများအား ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာစေရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ သစ်တော သစ်ပင်များ၏ တန်ဖိုးနှင့် အနှစ်သာရကို ထိန်းသိမ်းခြင်းအားဖြင့် ဒေသခံပြည်သူများ သိရှိနားလည်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဝါဝင်ဆောင်ရွက်ပေးစေ လိုကြောင်း အသိပညာပေးပြောကြားပြီး မီးဖိုသုံးစွဲနည်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ကာ တာဝန်ရှိသူများက စွမ်းအားမြှင့် အေဝမ်းမီးဖိုအလုံး ၂၀ ကို မဲစနစ်ဖြင့် အခမဲ့ဖြန့်ဝေပေးကြသည်။

တံတားဦးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၃၇ ရွာအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးခြင်းများနှင့်အတူ စွမ်းအားမြှင့် အေဝမ်းမီးဖိုများကို ဖြန့်ဝေပေးရေးတို့ကို ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးချမ်းအောင်ထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ ဖြေရှင်းဆောင်ရွက်မှုဆိုင်ရာ သင်တန်း (၁/၂၀၂၂) ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၇**

Helpline တာဝန်ကျဝန်ထမ်းများအား "ကျား၊ မ အခြေပြုအကြမ်းဖက်မှုဖြစ်ရပ်များ ဖြေရှင်းဆောင်ရွက်မှုဆိုင်ရာ သင်တန်း(၁/၂၀၂၂)" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အမျိုးသမီးများနှင့်မိန်းကလေးငယ်ရွယ်များအပေါ် ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်းနှင့် တုံ့ပြန်မှုပေးခြင်းတို့ကို သက်ဆိုင်ရာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျား၊ မ အခြေပြု အကြမ်းဖက်ခြင်း အထူးသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် အချိန်နှင့်နေရာမရွေး ဖြစ်ပွားနိုင်ကြောင်း၊ အကြမ်းဖက်မှုဖြစ်ပွားသည်နှင့် တစ်ပြိုင်နက်တုံ့ပြန်ကာကွယ်မှုပေးရန်လည်း လိုအပ်ကြောင်း။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို သတင်းပို့တိုင်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ၂၄ နာရီ Helpline ဝန်ဆောင်မှုကိုထားရှိပြီး တိုင်ကြားစာများကို လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဇန်နဝါရီလမှစတင်၍ ဖုန်းဖြင့် တိုင်ကြားမှုအပြင် နည်းလမ်းမျိုးစုံတိုင်ကြားနိုင်ရေးအတွက် Viber နှင့် Facebook Page များတည်ထောင်ကာ စာတိုပေးပို့တိုင်ကြားနိုင်ရေးကိုလည်း စီစဉ်ထားရှိကြောင်း။

အကြမ်းဖက်ခံရသည့် ဖြစ်စဉ်တိုင်ကြားမှုကို လက်ခံရရှိသည်နှင့် တိုင်ကြားမှုကို ဖြေရှင်းဆောင်ရွက်ရန် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စနစ်တကျ လေ့ကျင့်သင်ကြားပေးထားသော Case Manager များက အကြမ်းဖက်ခံရသူများနှင့် တွေ့ဆုံပြီး လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးနိုင်ရေးအတွက် Case Management Process နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသည့် Helpline ဖုန်းများသို့ စတင်ဖွင့်လှစ်သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ တိုင်ကြားလာသည့် Case ပေါင်း ၁၇၁၉ ရှိပြီး ယင်းတို့အနက် GBV Case ၁၀၈၀ မှုနှင့် အခြား Case ၆၄၉ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ထုတ်ပြန်ကြေညာချက်

၁။ မြန်မာ့လူ့အဖွဲ့အစည်းသည် ရှေးပဝေသဏီကတည်းကပင် ကလေးသူငယ်များအား အနာဂတ်လူ့အဖွဲ့အစည်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသည့် အရင်းအမြစ်များအဖြစ် တန်ဖိုးထားလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်နိုင်ရန် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၀-၂၀၂၁) အား (၁၀.၈.၂၀၂၀) ရက်နေ့မှ (၁၀.၈.၂၀၂၁) ရက်နေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၃။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက်အရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၁၅.၃.၂၀၂၂) ရက်နေ့တွင် သဘောတူခွင့်ပြုခဲ့ပြီးဖြစ်သဖြင့် စီမံချက်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် (၂၀၁၉) ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးထားသော **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြုစာချုပ်**ပါ ပြဋ္ဌာန်းချက်များနှင့် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို အလေးထားဖော်ဆောင်ရေးမူကို အခြေခံသည့် မြန်မာနိုင်ငံ၏ **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉)** တို့အရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကြီးလေးသောကျူးလွန်မှုများ ခံစားရသည့် ကလေးသူငယ်များ၏ လုံခြုံရေး၊ ကိုယ်ရေးဆိုင်ရာ အချက်အလက်များ မပေါက်ကြားစေရေးနှင့် အလေးထားဆက်ဆံခံရစေရေး စသည့် ကျူးလွန်ခံရသူ ဗဟိုပြုချဉ်းကပ်နည်း (Survival Centred Approach) ကို ကျင့်သုံးလျက်ရှိပါသည်။

၅။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ် (Six Grave Violations) ဆိုသည်မှာ ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်လက်အင်္ဂါထိခိုက်ဒဏ်ရာရစေခြင်း၊ ကလေးသူငယ်များအား တပ်သားအဖြစ်ခေါ်ယူစုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊ ကျောင်းနှင့်ဆေးရုံများအား တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ကလေးသူငယ်များအား ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် ကလေးသူငယ်များအတွက် လူသားချင်းစာနာမှု အကူအညီများကို တားဆီးပိတ်ပင်ခြင်းတို့ဖြစ်ပါသည်။

၆။ ထို့အပြင် ကာကွယ်တားဆီးရေးကော်မတီ၏လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် "လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ" ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး (၂၁.၇.၂၀၂၁) ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂၁၅/၂၀၂၁) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေး လုပ်ငန်းအဖွဲ့ (Country Task Force on Monitoring and Reporting – CTFMR) တို့အကြား "အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစီမံချက်" ကို (၂၇.၆.၂၀၁၂) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ (၂၀.၄.၂၀၁၁) ရက်နေ့တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းခဲ့ပြီး အသက်မပြည့်သေးသူများအား တပ်သားသစ်စုဆောင်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ အသက်စိစစ်ရန် စာရွက်စာတမ်းများ မလုံလောက်မှုကြောင့် မရည်ရွယ်ဘဲစုဆောင်းမိခဲ့ပြီး ထွက်ခွင့်ပြုခဲ့သော အရွယ်မရောက်သေးသူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထက်ဖော်ပြပါ ကော်မတီများ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များရေးဆွဲပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပိုမိုထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်းနှင့် ကျောင်း၊ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစုရပ်များအား တိုက်ခိုက်ခြင်းတို့ကို ကျူးလွန်လျက်ရှိကြောင်း တွေ့ရပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနမှ ရရှိသည့် သတင်းအချက်အလက်များအရ (၉.၂.၂၀၂၁) ရက်နေ့မှ (၃၀.၆.၂၀၂၂) ရက်နေ့အထိ အကြမ်းဖက်လုပ်ရပ်များကြောင့် သေဆုံးသူကလေးသူငယ် **(၇၆)** ဦး၊ ပြင်းထန်ဒဏ်ရာရရှိသူ ကလေးသူငယ် **(၂၀၀)** ဦး၊ သေဆုံးသူ ပညာရေးဝန်ထမ်း **(၄၄)** ဦး၊ ပြင်းထန်ဒဏ်ရာရရှိသူ ပညာရေးဝန်ထမ်း **(၄၆)** ဦး၊ သေဆုံးသူ ကျန်းမာရေးဝန်ထမ်း **(၁၁)** ဦး၊ ပြင်းထန်ဒဏ်ရာရရှိသူ ကျန်းမာရေးဝန်ထမ်း **(၁၆)** ဦး ရှိခဲ့ပါကြောင်း၊ ထို့အပြင် စာသင်ကျောင်းနှင့် ပညာရေး အဆောက်အဦ **(၅၈၃)** လုံးတို့အား မီးရှို့/ဗုံးခွဲ တိုက်ခိုက်ခံခဲ့ရပြီး၊ ဆေးရုံ၊ ဆေးခန်း **(၃၃)** လုံးတို့ (မီးရှို့/ဗုံးခွဲ) တိုက်ခိုက်ခံခဲ့ရပြီး ကိုဗစ်-၁၉ ဆိုင်ရာ ကာကွယ်ထိန်းချုပ်ပေးသည့် နေရာများအား တိုက်ခိုက်ခြင်း **(၄၂)** ကြိမ် ရှိခဲ့ပါသည်။

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကလေးသူငယ်များ၏အခြေခံ အခွင့်အရေး (၄) ရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များ ရရှိရေး ဆောင်ရွက်လျက်ရှိပြီး၊ ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းစေရေးမူ (Best Interest of the Child) ကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉) ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သူမည်သူ့ကိုမဆို ထိရောက်စွာ အပြစ်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများကို လုံးဝလက်မခံရေး မူဝါဒနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဩဂုတ်လ၊ ၂၀၂၂

# မြစိမ်းရောင်ဟု ခေါ်ပါသည် (၂)

မြင့်စိုး(နတလ)

**မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ အမည်ခေါ်တွင်ပုံ၊ စီမံကိန်းကျေးရွာ ရွေးချယ်ရာတွင် အခြေခံရမည့်မူများ၊ ဆောင်ရွက်ရမည့်နည်းလမ်း၊ ရန်ပုံငွေသတ်မှတ်ခြင်း၊ ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့် အဓိကကျသောလုပ်ငန်းစဉ်များကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့်အချက်များ၊ သိမှတ်ဖွယ်ရာများနှင့် စပ်လျဉ်း၍ ဆက်လက်တင်ပြသွားပါမည်။**




ဒုတိယဝန်ကြီး ဦးမြင့်စိုး ကလောမြို့နယ် ဘော်နင်းစံပြကျေးရွာ (SMART Village) အတွက် မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်စဉ်။

## စီမံကိန်းကျေးရွာများ ပြောင်းလဲဆောင်ရွက်ခြင်း

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာများတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်ဖြစ်ပေါ်လာခဲ့သည်ဆိုပါက စီမံကိန်းကျေးရွာ ပြောင်းလဲဆောင်ရွက်နိုင်ပါသည် -

(က) ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့နှင့် ကျေးရွာသူကျေးရွာသားများက စီမံကိန်းကို ဆက်လက်ဆောင်ရွက်လိုမှု မရှိခြင်း၊

(ခ) စီမံကိန်းအပေါ် စိတ်ပါဝင်စားမှု အားနည်းခြင်း၊ စည်းလုံးညီညွတ်မှု မရှိခြင်း၊

(ဂ) စီမံကိန်းရန်ပုံငွေများအား ပုံမှန်ပြန်လည်ပေးဆပ်မှုမရှိခြင်း၊

(ဃ) ကာလရှည်ကြွေးကျန်များ ဖြစ်ပေါ်နေခြင်း

(င) ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ (သို့မဟုတ်) ကျေးရွာသူ ကျေးရွာသားများက စီမံကိန်းရန်ပုံငွေအား အလွဲသုံးစားပြုခြင်း၊ ကိုယ်ကျိုးရှာခြင်း၊ စီမံကိန်းလက်စွဲစာစောင်ပါ လုပ်ထုံးလုပ်နည်းများအား လိုက်နာမှုမရှိခြင်း၊

(စ) ကျေးရွာမှ စီမံကိန်းအောင်မြင်အောင် စီမံခန့်ခွဲလည်ပတ်နိုင်မှုမရှိခြင်း

## ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းရမည်

စီမံကိန်းရန်ပုံငွေနှင့် သက်ဆိုင်သည့် ငွေကြေးများ ကိုယ်တွယ်သုံးစွဲခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် အစီရင်ခံခြင်း အစရှိသည့် ကိစ္စရပ်များအား ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေး ဆပ်ကော်မတီကို ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ရွေးချယ်ပေးသည့် ပုဂ္ဂိုလ် သုံးဦးဖြင့် ဖွဲ့စည်းရမည်။ ၎င်းတို့ သုံးဦးသည် ဘဏ္ဍာရေးဆပ်ကော်မတီတွင် ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ စာရင်းကိုင် တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။

## မြစိမ်းရောင်၏ သက်သာသောအတိုးနှုန်း

ကျေးရွာသူ ကျေးရွာသားများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသောလူမှုစီးပွားဘဝအခြေအနေ မြင့်မားတိုးတက်လာစေမည့် ကိုယ်ပိုင်ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အလို့ငှာ ချေးငွေထုတ်ချေးပေးရာတွင် အများသဘောတူညီချက်အရ ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့က အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားသောအတိုးနှုန်းမှာ ငွေ ၁၀၀ ကျပ်အတွက် တစ်လအတိုးငွေ ၅၀ ပြားမှ ၁ ကျပ် ၅၀ ပြားအတွင်းသာ ဖြစ်ပါသည်။ ချေးငွေပြန်လည်ပေးဆပ်ရန် ကာလသတ်မှတ်ချက်မှာလည်း ကျွဲ၊ နွားများ၊ နွားနောက်များ မွေးမြူသူများအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလ သုံးနှစ်၊ အခြားလုပ်ငန်းများအတွက် တစ်နှစ် သတ်မှတ်ထားပြီး ကာလရှည် သုံးနှစ်သမားများအနေဖြင့် တစ်နှစ် တစ်ကြိမ် စာချုပ်ချုပ်ဆို သက်တမ်းတိုးရပါမည်။

ကိုဗစ်ကပ်ရောဂါကာလအတွင်း မြစိမ်းရောင်စီမံကိန်းကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး အခက်အခဲများ လျော့နည်းသက်သာစေရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံကိန်းလက်စွဲစာစောင်ပါ ပြဋ္ဌာန်းချက်ပါအတိုင်း အတိုးနှုန်းများအား ဖြေလျှော့သတ်မှတ်ပေးခဲ့သည်။ ယင်းကဲ့သို့ ဖြေလျှော့သတ်မှတ်ပေးမှုကြောင့် ပထမအကြိမ် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ၂၀၂၁ ခုနှစ်၊ မတ်လအထိ ကာလအတွင်း ငွေကျပ် ၁၀၀ အတွက် တစ်လလျှင် အတိုးနှုန်း ၅၀ ပြားသာ ကောက်ခံရန် သတ်မှတ်ပေးခဲ့သည်။ ယင်းကဲ့သို့ ဖြေလျှော့ပေးမှုကြောင့် နိုင်ငံအဝှမ်း မြစိမ်းရောင်ကျေးရွာများအနေဖြင့် ငွေကျပ် ၃၄ ဒသမ ၇၅၄ ဘီလီယံပေးသွင်းရန် သက်သာခဲ့ကြသည်။ ထိုကဲ့သို့ပင် ဒုတိယအကြိမ် ဖြေလျှော့မှုအဖြစ် ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အထက်ပါနှုန်းအတိုင်း သတ်မှတ်ပေးခဲ့ရာ ငွေကျပ် ၄၆ ဒသမ ၃၃၉ ဘီလီယံ ပေးသွင်းရန် သက်သာခဲ့ကြသည်။ ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများအတွက် မြစိမ်းရောင်စီမံကိန်း၏ စာနာမှုတစ်ခုပါပေတည်း။

> **အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကျိုးဝင်သောလုပ်ငန်းများ၊ အကျိုးမဝင်သောလုပ်ငန်းများဟူ၍လည်း ခွဲခြားသတ်မှတ်ထားပါသေးသည်။ ကျေးရွာလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးရွာ၏ အခြေခံအဆောက်အအုံများကို ပြန်လည်ပြင်ဆင်ခြင်း၊ အသေးစားတိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်းလုပ်ငန်းများ၊ ကျေးရွာအသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးဆိုင်ရာ ဆက်စပ်လုပ်ငန်းများ အစရှိသည်တို့ကို အကျိုးဝင်သောလုပ်ငန်းများတွင် ထည့်သွင်းသတ်မှတ်ထားပါသည်**

## အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

စီမံကိန်းသို့ ပြန်လည်ပေးသွင်းရသည့် အတိုးငွေများဖြင့် ရန်ပုံငွေတိုးပွားအောင် ဆောင်ရွက်နိုင်သကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လည်း သုံးစွဲနိုင်ပါသည်။ တစ်ခု သတိပြုရမည်မှာ မြစိမ်းရောင်စီမံကိန်း၏ အဓိကစည်းမျဉ်းဖြစ်သော အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၃၀ (အချို့သိန်း ၂၀၊ အချို့ ၁၀ သိန်း) လျော့နည်းပျောက်ပျက်မသွားစေရေး အထူးအလေးထားရပေမည်။ အတိုးငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါသတ်မှတ်ချက်များအား လိုက်နာရပါမည် -

(က) စီမံကိန်းကာလ သုံးနှစ်ပြည့်မြောက်ပြီး စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိချိန်မှသာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးစွဲဆောင်ရွက်ရန် (သို့မဟုတ်) အတိုးရငွေသည် ကျပ် ၁၀ သန်းနှင့်အထက် ရရှိလာမှသာ ဆောင်ရွက်ရန်၊

(ခ) အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းကိုသာ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် သုံးရန်နှင့် ကျန် ၅၀ ရာခိုင်နှုန်းကို မူလလည်ပတ်ငွေများနှင့်ပေါင်းပြီး ပြန်လည်ထုတ်ချေးရန်၊

(ဂ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခု ဆောင်ရွက်ပြီးပါက နောက်ထပ် အတိုးရငွေ ကျပ် ၁၀ သန်းကျော်မှသာ အခြားသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုကို ဆောင်ရွက်ရန်၊

(ဃ) ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ကြိုတင်ဆောင်ရွက်ထားသောလုပ်ငန်းများအတွက် မြစိမ်းရောင်အတိုးရငွေကို ကျခံသုံးစွဲခွင့်မရှိ၊ ချက်ချင်းအကျိုးရလဒ်(Quick Win) ရရှိသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ရန်၊

အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကျိုးဝင်သော လုပ်ငန်းများ၊ အကျိုးမဝင်သော လုပ်ငန်းများဟူ၍လည်း ခွဲခြားသတ်မှတ်ထားပါသေးသည်။ ကျေးရွာလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးရွာ၏ အခြေခံအဆောက်အအုံများကို ပြန်လည်ပြင်ဆင်ခြင်း၊ အသေးစားတိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်းလုပ်ငန်းများ၊ ကျေးရွာအသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးဆိုင်ရာ ဆက်စပ်လုပ်ငန်းများ အစရှိသည်တို့ကို အကျိုးဝင်သောလုပ်ငန်းများတွင် ထည့်သွင်းသတ်မှတ်ထားပါသည်။ တစ်ဦးတစ်ယောက် (သို့မဟုတ်) အစုအဖွဲ့တစ်ခုကိုသာ အကျိုးဖြစ်စေမည့်လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သော၊ ထိခိုက်စေနိုင်သော လုပ်ငန်းများ၊ နည်းပညာပိုင်းဆိုင်ရာ ခက်ခဲရှုပ်ထွေးသောလုပ်ငန်းများ၊ ရုံးအဆောက်အဦဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ အစရှိသည်တို့မှာ အကျိုးမဝင်ဟု သတ်မှတ်ထားသော လုပ်ငန်းများ ဖြစ်ကြသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းများကို ခွင့်မပြုပေ။

## အတိုးရငွေဖြင့် ဆောင်ရွက်ခဲ့ကြသော ဖွံ့ဖြိုးရေးလုပ်ငန်းများ

အတိုးရငွေအား သုံးစွဲရမည့်သတ်မှတ်ချက်များနှင့်အညီ စနစ်တကျသုံးစွဲဆောင်ရွက်လာခဲ့ကြရာ မြစိမ်းရောင်စီမံကိန်း စတင်ခဲ့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ယနေ့အထိ မြို့နယ်ပေါင်း ၂၆၆ မြို့နယ်၊ ကျေးရွာပေါင်း ၂၉၇၈ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၃၅၂၀ ကို ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

## နမ္မတူမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက်ကလေးငယ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်

**နမ္မတူ ဩဂုတ် ၁၇**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နမ္မတူမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ် (ဧပြီ၊ မေ၊ ဇွန်) သုံးလအတွက် မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးငယ် စုစုပေါင်း ၁၁၅၄ ဦးအား ထောက်ပံ့ငွေကျပ် ၄၉၅ သိန်းကျော် ထောက်ပံ့ပေးအပ်ခြင်းကို ဩဂုတ် ၁၆ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်ချိန်မှစ၍ အာဟာရပြည့်ဝရန်နှင့် မွေးဖွားလာသော ကလေးသူငယ်များအား ကလေးသူငယ်အခွင့်အရေး လေးရပ်နှင့်အညီ ကာယ၊ ဉာဏ၊ စာရိတ္တစိတ်လှုပ်ရှားမှု၊ ခံစားမှုပိုင်းဆိုင်ရာနှင့် ပေါင်းသင်းဆက်ဆံရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို အသက်အရွယ်အလိုက် စနစ်တကျ နည်းလမ်းမှန်ကန်စွာရရှိနိုင်မှုအတွက် ကလေးသူငယ်၏ ရှေးဦးဘဝ ရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရပြည့်ဝမှုမှာ အရေးကြီးသော အချက်ဖြစ်ပြီး ကောင်းမွန်သောပတ်ဝန်းကျင်မှ အန္တရာယ်ကင်းစွာနေထိုင်နိုင်ရန် ရည်ရွယ်ကြောင်း၊ ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၁ အုပ်စုအလိုက် အကျိုးခံစားခွင့်ရရှိသည့် စာရင်းများအလိုက် ဖတ်ကြားပေးကာ၊ အကျိုးခံစားခွင့်ရှိသူတို့ လက်ဝယ်အရောက် သတ်မှတ်ပုံစံများတွင် စာရင်းဖြည့်သွင်းကာ ထောက်ပံ့ပေးအပ်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ထောက်ပံ့ငွေများပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ခံ ဒေါ်ပိုးမဋ္ဌူနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးငယ် စုစုပေါင်း ၁၁၅၄ ဦးတို့အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၄၉၅၇၅၀၀၀၀ အား အကျိုးခံစားခွင့်ရှိသူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်နိုင်ရေး သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်သည်။

အဆိုပါထောက်ပံ့ငွေများမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ် (ဧပြီ၊ မေ၊ ဇွန်) သုံးလအတွက် ကိုယ်ဝန်သုံးလရှိသူ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကိုယ်ဝန် လေးလနှင့် အထက်ရှိသူနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အကျိုးခံစားခွင့် တစ်လကျန်ရှိသည့် ကလေးငယ်တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် လည်းကောင်း၊ အကျိုးခံစားခွင့် နှစ်လကျန်ရှိသည့် ကလေးငယ်တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း နမ္မတူမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ခံထံမှ သိရသည်။

**လူမော်**
**(ပြန်/ဆက်)**

## အမ်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရှင်းလင်း

**အမ်း ဩဂုတ် ၁၇**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီ (လက်ထောက်ညွှန်ကြားရေးမှူး )၊ ဦးအောင်သူမြင့်၊ ဒုတိယဦးစီးမှူးနှင့်အဖွဲ့သည် ဩဂုတ် ၁၆ ရက်တွင် အမ်းမြို့နယ် ကျေးလက်ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (Type-4) လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် အမ်းမြို့နယ် လုံးကောက်ကျေးရွာအုပ်စု ခရမ်းကျွန်းကျေးရွာနှင့် ငလက်ကျကျေးရွာ နှစ်ရွာပေါင်း တစ်ယူနစ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အဆိုပါကျေးရွာများသို့ မြေပြင်ကွင်းဆင်းသွားရောက်ကာ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ စီမံကိန်းအကြောင်းအရာများ မိတ်ဆက်ရှင်းလင်းပြီး ကျေးရွာလူထုမှ မဲစနစ်ဖြင့်ရွေးချယ်သည့် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီအား ဖွဲ့စည်းခဲ့သည်။

ထို့ပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၇ ဒသမ ၀၀ သန်းဖြင့် ဖြိုးဝေဝေကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် အမ်းမြောက်ကျေးရွာအုပ်စု နေကာရွာသစ်ကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း (၁/၀)မိုင် ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**
**(ရမ်းဗြဲ)**



သာစည်မြို့နယ် ကန်ဖြူကျေးရွာ မြစိမ်းရောင်စီမံကိန်း ဆိတ်မွေးမြူရေးလုပ်ငန်းကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

ယင်းလုပ်ငန်းများထဲတွင် လမ်း၊ တံတားလုပ်ငန်း ၁၈၆၂ ခု၊ ရေရရှိရေးလုပ်ငန်း ၁၉၄ ခု၊ မီးလင်းရေးလုပ်ငန်း ၉၁၇ ခု၊ စာသင်ကျောင်း ၁၃၄ ကျောင်း၊ ဆေးပေးခန်း ကိုးခု၊ စာကြည့်တိုက် ၁၂ ခု၊ ဘက်စုံသုံးခန်းမဆောင် ၁၉၂ ခု၊ အခြားလုပ်ငန်းများ အခု ၂၀၀ တို့ဖြစ်သည်။ ထူးခြားချက်မှာ အထက်ပါကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ စုစုပေါင်း တန်ဖိုး ၃၈ ဒသမ ၂၃ ဘီလီယံတွင် အတိုးမှလုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲငွေ ၂၅ ဒသမ ၂၅ ဘီလီယံ၊ ပြည်သူလူထု၏ ထည့်ဝင်ငွေ ၁၂ ဒသမ ၉၈ ဘီလီယံပါဝင်လာခဲ့ခြင်း ဖြစ်သည်။ ဤသည်မှာ ပြည်သူလူထုသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယုံကြည်သည့်အပြင် မိမိတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အသိစိတ်၊ တာဝန်သိစိတ်ကို ဖော်ထုတ်ပြသလိုက်ခြင်းပင် ဖြစ်ပေသည်။ တစ်နည်းဆိုရလျှင် ကျေးရွာလူထု၏ စွမ်းဆောင်ရည်မြင့်မားလာခြင်းနှင့် ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းညှိနှိုင်း ဆောင်ရွက်တတ်လာသည့် အလေ့အကျင့်ကောင်းများ ရရှိလာခြင်းပင် ဖြစ်သည်။

ထိုထက်ပို၍ ရည်ညွှန်းဆိုရလျှင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ "ကျေးရွာစိတ်ဓာတ်" ဆောင်ပုဒ်ပါအတိုင်း ဒို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒို့အားလုံးတွင် တာဝန်ရှိသည်၊ စည်းလုံးညီညွတ်ပါ၊ တက်ကြွစွာပူးပေါင်းဆောင်ရွက်ပါ၊ ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ် မွေးမြူပါ၊ မိမိကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်လိုစိတ် မွေးမြူပါ၊ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားပါ၊ အကျိုးရှိစွာအသုံးပြုပါဆိုသည့် ယုံကြည်ချက်၊ ခံယူချက်များ ပြည့်ဝသည့် ကျေးရွာသူကျေးရွာသားများ ဖြစ်လာကြသည်။

### စီမံကိန်း၏ အကျိုးရလဒ်များ

မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များထဲတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်ဆိုသည့် အချက်လည်းပါဝင်ပေရာ အကောင်အထည်ဖော်ပြီး ကျေးရွာအသီးသီးမှ ဒေသခံပြည်သူများ လက်တွေ့ခံစားနေရသော အကျိုးရလဒ်များက အဆိုပါရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်ကြောင်း သက်သေပြနေပေသည်။ ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာနေ ဒေါ်လှကြည်၏ ရင်တွင်းစကားကို နားထောင်ကြည့်စေချင်ပါသည်။ "အရင်က စားဝတ်နေရေးကို ကြုံရာကျပန်းလုပ်ပြီး ခက်ခက်ခဲခဲ ဖြေရှင်းခဲ့ရတယ်၊ မြစိမ်းရောင်ချေးငွေလေးရတော့ ပန်းစိုက်ဖို့ မြေကွက်လပ်လေး နည်းနည်းဝယ်၊ ပန်းတွေစိုက်၊ တစ်နေ့ဝင်ငွေ ၅၀၀၀ ကျပ်လောက် ရလာတယ်၊ ငွေပိုငွေလျှံလေးလည်း ထွက်လာတယ်၊ အခုဆို မြစိမ်းရောင်ကျေးဇူးကြောင့် ကျွန်မတို့ သားအမိ အရင်လို ကြုံရာကျပန်းလုပ်ရတဲ့ဘဝ မဟုတ်တော့ဘူး၊ ပုံမှန်ဝင်ငွေရအလုပ်ကလေးနဲ့ ဖြစ်နေပြီ" … တဲ့လေ။

နောက်ထပ်စကားသံတစ်ခုကို ကျွန်တော်မျှဝေပေးချင်ပါသေးသည်။ သူက ဒေါ်တင်ဆန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ရေအိုးစင်ကျေးရွာက ဖြစ်၏။ မိရိုးဖလာ နှီးတောင်းလေးများ ရက်လုပ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသည်။ ဒေါ်တင်ဆန်းပြောလာသည်ကတော့ "အရင်က နှီးတောင်းရက်ရင်သုံးတဲ့ကုန်ကြမ်းတွေကို အကြွေးနဲ့ချေးပြီး ပေးဝယ်ရတော့ အမြတ်အစွန်းနည်းတယ်။ အခု မြစိမ်းရောင်ချေးငွေရတယ်၊ အတိုးပေးရတာလည်း အလွန်နည်းတယ်။ ကုန်ကြမ်းပစ္စည်းတွေ လက်ငင်းဝယ်နိုင်လာတယ်၊ အရင်ကထက် အမြတ်အစွန်း ပိုလာတယ်၊ မိသားစုစားဝတ်နေရေး အဆင်ပြေလာတယ်"ဟု ဆိုသည်။ လက်တွေ့ဆန်သော၊ အပိုအလိုမရှိသော၊ ဘဝနှင့်ထပ်တူကျသော ရင်ထဲကလာသည့် မြစိမ်းရောင်ပွဲတင်သံများဟု ဆိုလျှင် လွန်အံ့မထင်ပါ။ သို့သော် မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် မည်သည့်အခက်အခဲမျှမရှိ၊ မည်သို့သော အထစ်အငေါ့မျှ မကြုံရပါဘဲ စင်းလုံးချောအောင်မြင်ခဲ့သည်ဟု ပြောဖို့ရာမလွယ်ကူပါ။ အခက်အခဲများစွာနှင့် ကြုံခဲ့ရသည်။ ထိုအခက်အခဲများကို ဖြတ်သန်းကျော်လွှား၍ သူတို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ သူတို့ဆိုသည်မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများပါပေတည်း။

*(ဆက်လက်ဖော်ပြပါမည်)*

❑ *ကျောဖုံးမှ*

ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက် ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေး ထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၈-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၅ | ၂၉၃၀ |
| 95 Ron | ၂၃၇၀ | ၂၄၁၅ | ၂၄၁၅ | ၂၃၈၀ | ၂၄၁၅ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၅ | ၂၅၁၀ | ၂၄၀၅ | ၂၄၂၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၅ | ၂၆၇၅ | ၂၉၉၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၇၁၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၀ | ၂၇၃၀ | ၂၇၆၅ | ၂၇၆၅ | ၂၇၇၀ | ၂၉၈၅ | ၃၃၆၅ |
| HSD (50 ppm) | ၂၇၆၀ | ၂၈၀၅ | ၂၈၀၅ | ၂၇၇၀ | ၂၈၀၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၉၀ | ၂၉၀၅ | ၂၉၀၀ | ၂၈၀၀ | ၂၈၁၀ | ၂၈၄၀ | ၂၈၄၅ | ၂၈၄၅ | ၃၀၆၅ | ၃၄၀၀ |
| HSD (10 ppm) | ၂၇၆၀ | ၂၈၀၅ | ၂၈၀၅ | ၂၇၇၀ | ၂၈၀၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၉၀ | ၂၉၀၅ | ၂၉၀၀ | ၂၈၀၀ | ၂၈၁၀ | ၂၈၄၀ | ၂၈၄၅ | ၂၈၄၅ | ၃၀၆၅ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၃ | ၂၂၆၀ |
| 95 Ron | ၂၂၆၀ | ၂၃၃၉ |
| HSD (500 ppm) | ၂၅၆၆ | ၂၆၄၆ |
| HSD (50 ppm) | ၂၆၃၉ | ၂၇၂၀ |
| HSD (10 ppm) | ၂၆၃၉ | ၂၇၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

◆ *ကျောဖုံးမှ*

ဒုတိယနေရာမှ ဖယ်ပေးခဲ့ရသည်။ မြဝတီအသင်းသည် ယခုရာသီ တတိယမြောက်အရှုံးနှင့်အတူ တတိယနေရာသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ပြည့်ဖြိုးသူ (ဂိုး)၊ အောင်ဝဏ္ဏစိုး၊ ဇော်ရဲထွန်း၊ မျိုးကိုထွန်း၊ သက်နိုင်၊ ရဲရင့်အောင်တို့ဖြင့် ပွဲထွက်ခဲ့သလို လှိုင်းဘိုဘိုပြန်ပါလာသဖြင့် ကွင်းလယ်ကစားပုံ ပိုကောင်းလာသည်။ မြဝတီအသင်းမှာလည်း ထွန်းနန္ဒဦး (ဂိုး)၊ ဝေယံဦး၊ ကောင်းစည်သူ၊ အောင်သူ၊ သက်ပိုင်ကိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ရတနာပုံအသင်းအနေဖြင့် ဂိုးစတင်ရရှိခဲ့သလို ဒုတိယပိုင်းအစတွင်လည်း အနိုင်သေချာစေမည့် ဒုတိယဂိုးထပ်မံသွင်းယူနိုင်သဖြင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် ၂၇ မိနစ်တွင် သက်နိုင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၅၆ မိနစ်တွင် ရဲရင့်အောင်က ရတနာပုံအသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ရတနာပုံခံစစ်က အမှားအယွင်းမရှိ ကစားပြီး ပေးဂိုးမရှိဘဲ နိုင်ပွဲရယူနိုင်ခဲ့သည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ရှစ်ပွဲကစား ရမှတ် ၁၁ မှတ်၊ မြဝတီအသင်းက ရှစ်ပွဲကစား ရမှတ် ၁၅ မှတ် ရရှိထားသည်။ ပွဲစဉ် (၈) နောက်ဆုံးနေ့ကို ဩဂုတ် ၁၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းနှင့် GFA အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## ပဲခူး၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်လှစ်

ပဲခူး ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက်က ခရိုင်မီးသတ်ဦးစီးဌာန ခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက ယနေ့ နိုင်ငံအသီးသီးတွင် နှစ်စဉ် လူဦးရေတိုးပွားလာခြင်းကြောင့် အဆောက်အအုံများ၊ အဆင့်မြင့် အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ တိုးတက်ထွန်းကားလာကြောင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲကာ အပူချိန်လွန်ကဲခြင်းကြောင့် မီးဘေးအန္တရာယ်အပါအဝင် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း စသည့် သဘာဝ ဘေးအန္တရာယ်များ၊ ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် ကယ်ဆယ်ရေးသည် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်လာကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ရှာဖွေကယ်ဆယ်ရေးသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မီးဘေး၊ သဘာဝဘေးနှင့် ယာဉ်မတော်တဆမှုများအတွက် အရေးပေါ်ကယ်ဆယ်ရေးဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကာ သင်တန်းကာလမှာ ဩဂုတ် ၁၅ ရက်မှ ၂၆ ရက်အထိ နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဂျပန်နိုင်ငံ၌ ဇူလိုင်လတွင် ကုန်သွယ်ရေးလိုငွေပြမှု ယန်း ၁ ဒသမ ၄ ထရီလီယံကျော်အထိရှိ

တိုကျို ဩဂုတ် ၁၇



ဂျပန်နိုင်ငံသည် ဇူလိုင်လတွင် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ယန်းငွေတန်ဖိုး ကျဆင်းလာခြင်းတို့ကြောင့် သွင်းကုန်တန်ဖိုး ဆက်လက်မြင့်တက်စေသည့်အတွက် ကုန်သွယ်ရေးလိုငွေပြမှု ၁၂ လဆက် ရှိလာပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်လတွင် ကုန်သွယ်ရေးလိုငွေပြမှု ယန်း ၁ ဒသမ ၄ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံခန့်) အထိရှိကြောင်း ပြောသည်။ အဆိုပါ ကုန်သွယ်ရေးလိုငွေပြမှုပမာဏသည် ၁၉၇၉ ခုနှစ်က စတင်စစ်တမ်းအချက်အလက်ကောက်ယူသည့်နောက်ပိုင်း ယခုနှစ် ဇူလိုင်လသည် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

သွင်းကုန်ကဏ္ဍတွင် ရေနံစိမ်း၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့နှင့် အခြားသော စွမ်းအင်ထုတ်ကုန်များ၏ ဈေးနှုန်းများ မြင့်မားလာခြင်းကြောင့် ယခင်နှစ်က အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်တွင် ၄၇ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။ ပို့ကုန်ကဏ္ဍတွင် မော်တော်ကားများနှင့် ဆီမီးကွန်ဒက်တာ ထုတ်လုပ်ရေးဆိုင်ရာ စက်ပစ္စည်းများ တင်ပို့ရောင်းချမှု အားကောင်းလာသည့်အတွက် ၁၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အာဖဂန်နစ္စတန်မြောက်ပိုင်း တောမီးလောင်ကျွမ်းမှု မိသားစု ၈၀၀ အထိ အိုးအိမ်စွန့်ခွာထွက်ပြေး

ရှီဘာဂန် ဩဂုတ် ၁၇



အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဂျော်ဇန်ပြည်နယ် ဖိုင်ဇာဘတ် ခရိုင်မှ ဘာလာမာဒီယန်ကျေးရွာတွင် မကြာသေးခင်ရက်ပိုင်းက ဖြစ်ပွားခဲ့သော သဘာဝတောမီးကြောင့် မိသားစု ၈၀၀ အထိ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရကြောင်း ဒေသရဲအရာရှိတစ်ဦးက ဩဂုတ် ၁၇ ရက်တွင် ပြောသည်။

အဆိုပါ မိသားစုများသည် ပြည်နယ်၏မြို့တော် ရှီဘာဂန်နှင့် အိမ်နီးချင်းပြည်နယ် ဖြစ်သည့် ဘောလ်ခ် ပြည်နယ်များသို့ ထွက်ခွာသွားကြပြီ ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အက်ဒူလ် ဆက်တာ ဟာလီမီက သတင်းထောက်များကို ပြောသည်။

အဆိုပါ မီးလောင်မှုသည် ဩဂုတ် ၈ ရက်က စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး ဖိုင်ဇာဘတ် ခရိုင်မှ ဘာလာမာဒီယန်ကျေးရွာကို လောင်မြိုက်သွားခဲ့ကြောင်း၊ တစ်နေ့လျှင် ငါးအိမ်မှ ခြောက်အိမ်အထိ အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်း လောင်ကျွမ်းမှု ဖြစ်ပွားလျက်ရှိပြီး လက်ရှိအချိန်အထိ နေအိမ် ၁၂၀ မီးလောင်ပြာကျသွားပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အဆိုပါ မီးလောင်မှုကို ထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ဆင်ဟွာ

## တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၈၀၃ ဦးရှိ

ဆိုးလ် ဩဂုတ် ၁၇

တောင်ကိုရီးယား နိုင်ငံသည် ဩဂုတ် ၁၆ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၈၀၈၀၃ ဦး စစ်ဆေး တွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၁၆၈၂၈၁၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဩဂုတ် ၁၈ ရက်တွင် ကျန်းမာရေး အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ သိရသည်။




အဆိုပါ ထပ်မံကူးစက်ခံရမှုပမာဏသည် ယခင်ရက်က ကူးစက်မှုပမာဏထက် များပြားလာခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် အဆိုပါ ကူးစက်ခံရသူများအနက် ၅၆၇ ဦးသည် ပြည်ပပြန် ကူးစက်မှုဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း ပြည်ပပြန် ကူးစက်မှုအရေအတွက် စုစုပေါင်း ၅၂၉၀၉ ဦးအထိ ရှိလာပြီဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၄၂ ဦးရှိသည့်အတွက် သေဆုံးသူ အရေအတွက် စုစုပေါင်း ၂၅၇၅၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အကြမ်းဖက်လုပ်ရပ်ဟု သံသယရှိသူ သုံးဦးအား အင်ဒိုနီးရှားအကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့ ဖမ်းဆီး

ဂျကာတာ ဩဂုတ် ၁၇

Densus 88 ဟု လူသိများသော အင်ဒိုနီးရှား အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့သည် သီးခြားစစ်ဆင်ရေး နှစ်ခုတွင် အကြမ်းဖက်လုပ်ရပ်ဟု သံသယရှိသူ သုံးဦးကို ဖမ်းဆီးလိုက်ကြောင်း ဩဂုတ် ၁၇ ရက် ဆင်ဟွာ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အကြမ်းဖက်မှု သံသယရှိသူ နှစ်ဦးကို မြို့တော်ဂျကာတာတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်းမှ အစွန်းရောက်အကြမ်းဖက်အုပ်စု ဂျမား အစ္စလာမီယာ (ဂျေအိုင်) နှင့် ဆက်စပ်မှုရှိသူဟု စွပ်စွဲခံရထားသူများဖြစ်ကြောင်း အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အာမက် ရာမက်ဟန်က ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ပြည်တွင်းမီဒီယာကို ပြောသည်။ ဂျေအိုင်သည် ၂၀၀၂ ခုနှစ်က ဘာလီဗုံးပေါက်ကွဲမှုကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးမှုတွင် ဆက်စပ်မှုရှိကြောင်း သတ်မှတ်ခံထားရသည့်အဖွဲ့ဖြစ်သည်။

အခြားသော အကြမ်းဖက်တစ်ဦးကို နိုင်ငံတောင်ပိုင်း ဆူမားတြားပြည်နယ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်အုပ်စု ဂျမားအန်ရှာရွတ်ဒါလာ (ဂျေအေဒီ) ကို ထောက်ခံသူဖြစ်ကြောင်း စွပ်စွဲခံရထားရသူဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ထို့အပြင် တာဝန်ရှိသူများသည် ဖြစ်စဉ်များနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက် ၁၈၀၄၃ ဦးအထိ ရှိလာပြီဖြစ်

ဗီယင်ကျန်း ဩဂုတ် ၁၇

လာအိုနိုင်ငံ၌ ဇန်နဝါရီလနောက်ပိုင်း သေဆုံးသူ ၁၇ ဦးအပါအဝင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူအရေအတွက်သည် ၁၈၀၄၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံ၏ မြို့တော် ဗီယင်ကျန်းသည် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ စုစုပေါင်း ၉၁၁၄ ဦးရှိသဖြင့် ရောဂါဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း ဩဂုတ် ၁၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ပညာရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် ရောဂါကူးစက်မှု စုစုပေါင်း ၂၂၃၅ ဦးသည် လူအန်နမ်သာပြည်နယ်မှဖြစ်ပြီး ၁၁၈၀ သည် ဆာရာဗန်ပြည်နယ်နှင့် ၁၁၇၆ ဦးသည် အက်တာပီးပြည်နယ်မှဖြစ်ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၇ ဦးတွင် မြို့တော်ဗီယင်ကျန်းမှ ငါးဦး၊ အက်တာပီးပြည်နယ်မှ လေးဦး၊ ဆာရာဗန်ပြည်နယ်မှ သုံးဦး၊ လူအန်နမ်သာပြည်နယ်နှင့် ကျင်းကောင်ပြည်နယ်တို့မှ နှစ်ဦးစီနှင့် အူဒွမ်ဆိုင်းပြည်နယ်မှ တစ်ဦး ပါဝင်ကြောင်း သိရသည်။


ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုမြင့်မားသော နိုင်ငံများတွင် လာအိုနိုင်ငံအပြင် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့တွင် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ





ချဒ်နိုင်ငံရှိ ကျေးလက်ကျန်းမာရေးဌာန၌ ကလေးငယ်တစ်ဦးအား ငှက်ဖျားရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးစဉ်။



# ကလေးသန်းပေါင်းများစွာကို အကျိုးပြုနိုင်သည့် ကမ္ဘာ့ပထမဆုံးငှက်ဖျားထိုးဆေး

■ နွယ်နီလင်း

ဖြိတိန် ဆေးဝါးကုမ္ပဏီ ဂျီအက်စ်ကေသည် ကမ္ဘာပေါ်တွင် ပထမဆုံး ငှက်ဖျားရောဂါ ထိုးဆေးကို ထုတ်လုပ်ရန် စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီး ထိုးဆေး ထုတ်လုပ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ကုလသမဂ္ဂ ကလေးသူငယ်များ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ဩဂုတ် ၁၆ ရက်က ထုတ်ပြန်သည်။

**လူငယ်ထောင်ပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်တော့မည်**

အမေရိကန်ဒေါ်လာ သန်း ၁၇၀ အထိ တန်ဖိုးရှိသော အထင်ကရ သဘောတူညီချက်သည် လာမည့်သုံးနှစ်တာကာလအတွင်း ရရှိနိုင်သော အာရ်တီအက်စ်အက်စ် (RTS,S) ထိုးဆေး ပမာဏ ၁၈ သန်းထိ ထုတ်လုပ်ပေးမည် ဖြစ်ပြီး နှစ်စဉ် လူငယ်ထောင်ပေါင်း များစွာ၏ အသက်ကို ကယ်တင်နိုင်တော့မည် ဖြစ်သည်။

ငါးနှစ်အောက်ကလေးများသည် ငှက်ဖျားရောဂါဒဏ်ကို အခံရဆုံးသူများ ဖြစ်ကြပြီး ၂၀၂၀ ပြည့်နှစ်အတွင်း အာဖရိကဒေသ တစ်ခုတည်း၌ပင် ယောကျ်ားလေး နှင့် မိန်းကလေး တစ်သန်းခွဲနီးပါး ငှက်ဖျားရောဂါကြောင့် သေဆုံးခဲ့ပြီး တစ်မိနစ်လျှင် တစ်ဦးနှုန်း သေဆုံးခဲ့သည်။

**"ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ နိုင်ငံပေါင်း ၃၀ ကျော်တွင် ငှက်ဖျားရောဂါ ကူးစက်မှု အလယ်အလတ်မှ ပိုမိုများပြားသော ဒေသများ အများအပြားရှိပြီး အဆိုပါ ကာကွယ်ဆေးသည် တစ်နှစ်လျှင် ကလေး ၂၅ သန်းကျော်ကို ငှက်ဖျားရောဂါ ဖြစ်ပွားမှုမှ အကာအကွယ် ပေးစွမ်းနိုင်မည်ဖြစ်"**

ယူနီဆက်ဖ်၏ ထောက်ပံ့ရေးဌာနမှ ဒါရိုက်တာ အက်တလီဗာခါဒဲလီက ငှက်ဖျားရောဂါ ထိုးဆေး ထုတ်လုပ်မှုလုပ်ငန်းကို အောင်မြင်အောင် ဆက်လက်လုပ်ဆောင်ရန် ထုတ်လုပ်သူများထံ ရှင်းလင်းပြတ်သားသော သတင်းစကား ပေးပို့ထားကြောင်း ပြောကြားသည်။

**တီထွင်ဆန်းသစ်မှုတွေ ဆက်လက်လုပ်ဆောင်နိုင်ဖို့ လိုအပ်**

" ကာကွယ်ဆေးနဲ့ ငှက်ဖျားရောဂါတိုက်ဖျက်ဖို့အတွက် ဒါက အစပဲလို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ကာကွယ်ဆေး ရရှိနိုင်မည့် ထောက်ပံ့မှုတွေ ဒီထက်တိုးလာဖို့နဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ကာကွယ်ဆေးဈေးကွက်ကို ဖော်ဆောင်နိုင်ဖို့၊ မျိုးဆက်သစ် ကာကွယ်ဆေး အမျိုးအစားတွေအတွက် တီထွင်ဆန်းသစ်မှုတွေ ဆက်လက် လုပ်ဆောင်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါဟာ ငှက်ဖျားရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အစီအစဉ်တွေရဲ့ တစ်စိတ်တစ်ပိုင်း အနေနဲ့ ကလေးတွေရဲ့ အသက်ကို ကယ်တင်နိုင်ဖို့နဲ့ ငှက်ဖျားရောဂါ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ဖို့ စုပေါင်းကြိုးပမ်းမှုရဲ့ ကြီးမားသော ခြေလှမ်းတစ်ရပ် ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ငှက်ဖျားရောဂါသည် ကပ်ပါးပိုးများကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပိုးသယ်ဆောင်သည့် အနော့ဖလစ်ခြင်အမ များမှ တစ်ဆင့် လူသို့ကူးစက်နိုင်သည်။ ငှက်ဖျားရောဂါကို ကာကွယ်ကုသ၍ ရနိုင်သော်လည်း မကုသဘဲထားလျှင် အသက်ဆုံးရှုံးနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ နိုင်ငံပေါင်း ၃၀ ကျော်တွင် ငှက်ဖျားရောဂါ ကူးစက်မှု အလယ်အလတ်မှ ပိုမိုများပြားသောဒေသများ အများအပြားရှိပြီး အဆိုပါကာကွယ်ဆေးသည် တစ်နှစ်လျှင် ကလေး ၂၅ သန်းကျော်ကို ငှက်ဖျားရောဂါဖြစ်ပွားမှုမှ အကာအကွယ် ပေးစွမ်းနိုင်မည်ဖြစ်သည်။

၃၅ နှစ်ကြာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များအရ အာရ်တီအက်စ်အက်စ် ငှက်ဖျားရောဂါ ကာကွယ်ဆေးသည် ကပ်ပါးရောဂါကို တိုက်ဖျက်ပေးနိုင်သည့် ပထမဆုံး ကာကွယ်ဆေးဖြစ်သည်။ ၎င်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ၂၀၁၉ ခုနှစ် တွင် ဂါနာ၊ ကင်ညာနှင့် မာလာဝီနိုင်ငံတို့တွင် ရှေ့ပြေးအစီအစဉ်တစ်ရပ်ဖြစ် စတင်အသုံးပြုနိုင်ခဲ့ပြီး ကလေးပေါင်း ၈၀၀၀၀၀ ကျော်ကို ထိုးနှံပေးနိုင်ခဲ့သည်။

**ကာကွယ်ဆေးလိုအပ်ချက် မြင့်မားနေဦးမည်**

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ငှက်ဖျားကူးစက်မှု အလယ်အလတ်မှ မြင့်မားသောနိုင်ငံများကို ဦးစားပေးအနေဖြင့် ကာကွယ်ဆေးများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသွားရန် ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီက အကြံပြုခဲ့သည်။ ဆက်လက်၍လည်း ငှက်ဖျားရောဂါ ကာကွယ်ဆေးလိုအပ်ချက် မြင့်မားနေဦးမည်ဟု ယူနီဆက်ဖ်က မျှော်မှန်းထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နောက်ဆုံးထုတ်ပြန်ချက်အရ ကမ္ဘာ့ငှက်ဖျားရောဂါဖြစ်ပွားမှု ခန့်မှန်းခြေအားဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားသူ ၂၄၁ သန်းရှိခဲ့ပြီး ရောဂါကြောင့် သေဆုံးသူ ၆၂၇၀၀၀ ရှိခဲ့သည်။ ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားသူ ၁၄ သန်းခန့်ပိုများလာပြီး သေဆုံးသူ ၆၉၀၀၀ ခန့်ပိုများလာခဲ့သည်။ အဆိုပါ တိုးတက်လာသည့် သေဆုံးသူများ၏ သုံးပုံနှစ်ပုံခန့် လူဦးရေ ၄၇၀၀၀ ခန့်သည် ကပ်ရောဂါကာလအတွင်း ငှက်ဖျားရောဂါကာကွယ်ရေး၊ ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့ရသည့် အခြေအနေများနှင့်လည်း ဆက်စပ်နေသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ရောဂါ အတည်ပြုလူနာ ၅၄ ဦးအနက် ၄၂ ဦးသည် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ နယ်စပ်မှပြန်လည်ရောက်ရှိသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၇၉ ရာခိုင်နှုန်းရှိ

**(၁၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများအောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၉) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၄) ဦးအနက် (၄၅) ဦး၊ (၈၃.၃) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၉) ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။ အဆိုပါပြည်ပမှဝင်ရောက်လာသည့် ဓာတ်ခွဲအတည်ပြုလူနာ (၄၅) ဦးအနက် (၄၂) ဦးသည် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ နယ်စပ်မှပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၄၀,၄၃၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၅၁၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၁၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၆-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၉၀,၃၇၄) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၂၄၃,၂၀၉) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၇-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၆၉) ခု | (၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၀၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၀၆) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၉၇၃) ခု | (၁၅) ဦး |
| **စုစုပေါင်း** | (၆,၈၃၃) ခု | (၅၄) ဦး |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၆-၈-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၉၀,၃၇၄ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၂၄၃,၂၀၉ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ ဒေသခံပြည်သူ ၁၉၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၈၀၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၆၀၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၈၀၁၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ကျောင်းသား၊ ကျောင်းသူ ၁၄၆၃၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး



ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ၎င်း PDF အမည်ခံ အကြမ်းဖက်သမား သုံးဦးက ခရီးသည်အချို့ကို ဆက်လက်ပစ်ခတ်ခြင်း၊ ခရီးသည်များကို ဓားစာခံလုပ် အကာအကွယ်ယူပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခြင်းဆောင်ရွက်ခဲ့သည်။


လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ခရီးသည်များကို ဓားစာခံလုပ် လူသားတံတိုင်းသဖွယ် အကာအကွယ်ယူပစ်ခတ်နေသည့် အကြမ်းဖက်သမားများကို တိကျစွာ ချိန်ရွယ်ပစ်ခတ်ဖမ်းဆီးခဲ့သဖြင့် PDF အမည်ခံအကြမ်းဖက်သမား နှစ်ဦးကို အသေဖမ်းဆီးရမိပြီး တစ်ဦးကို အရှင်ဖမ်းဆီးရမိခဲ့ကာ ပစ္စတို သုံးလက် သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်တွင် ခရီးသည် အမျိုးသား တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီး တစ်ဦးမှာ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လူသားတံတိုင်းသဖွယ် ရှေ့ကကာ၍ ဖမ်းဆီးအကာအကွယ်ယူခဲ့မှုကြောင့် လက်ယာဘက် ခြေသလုံး ထိမှန်ဒဏ်ရာဖြင့် ထိတ်လန့်ရှော့ဖြစ်ကာ သေဆုံးခဲ့ပြီး ခရီးသည် ငါးဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည်။

အရှင်ဖမ်းဆီးရမိခဲ့သည့် PDF အမည်ခံ အကြမ်းဖက် တစ်ဦးကို အသေးစိတ်စစ်ဆေးခဲ့ရာ ကားပေါ်၌ သို့ဝှက်သယ်ဆောင်လာသော ချေမှုန်းရေးရိုင်ဖယ် အမျိုးအစား (သေနတ်အသစ်) သုံးလက်နှင့် ခဲယမ်းများ ထပ်မံဖမ်းဆီးရမိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ယခုအချိန်တွင် ပြည်သူလူထု ခရီးသွားလာနေသည့် ခရီးသည်တင်ကားများကို အကာအကွယ်ရယူ ဓားစာခံပြုလုပ်၍ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာကြောင်း၊ ယခုရက်သတ္တပတ်အတွင်း Elite ခရီးသည်တင်ကားကို အကြမ်းဖက်တိုက်ခိုက် ဖမ်းဆီးလုပ်ဆောင်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း YBS ခရီးသည်ယာဉ်များကို တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ခရီးသွားပြည်သူလူထု၊ ယာဉ်လိုင်းများအနေဖြင့် မသင်္ကာဖွယ်ရာများ တွေ့ရှိရပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများအနေဖြင့်လည်း NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ခရီးသည်တင်ယာဉ်လိုင်းများကို တိုက်ခိုက်မှု၊ ဓားစာခံလုပ်မှု၊ လူသားတံတိုင်းသဖွယ် အသုံးချနေမှုများကို သိရှိရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို အားမပေးရန်လိုကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**




## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ရွှေတောင်မြို့နယ်၌ စာဖတ်ရှိန်မြင့်မားရေးလှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောပွဲကျင်းပ

**ရွှေတောင် ဩဂုတ် ၁၇**

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာနမှ ဝန်ထမ်းများက အ.လ.က ချည်မျှင်ကျောင်းတွင် ယနေ့နံနက်ပိုင်းတွင် စာဖတ်ရှိန်မြင့်မားရေး လှုပ်ရှားမှုအဖြစ် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA) နှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများအနေဖြင့် ကျောင်းသား ကျောင်းသူလေးများ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ပေးခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင် က “မိအေးချက်သည့်ဟင်းတစ်ခွက်” စက္ကူပြဇာတ် ပြသပေးပြီး ရုပ်သံ(၃) ဒေါ်အေးအေးခိုင်က “မောင်ဆင်လမ်းလျှောက်ထွက်ခြင်း” ပုံပြင်စာအုပ်ကို ပြောပြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူလေးများကို ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်၊ သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာ နံရံကပ်စာစောင်၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ် နံရံကပ်စာစောင်၊ ရေဘေး၊ လေဘေးအသိပညာပေး နံရံကပ်စာစောင်အားပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြပြီး စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## မြေမြှုပ်မိုင်းနှင့် အခြားပေါက်ကွဲစေတတ်သော ပစ္စည်းများအန္တရာယ် အသိပညာပေးဟောပြော လက်တွေ့ပြသ

**သီပေါ ဩဂုတ် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူနှင့် တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက မိုးတေကျေးရွာအုပ်စု မန်မိုင်ကွန်စံလိတ် အခြေခံပညာမူလတန်းလွန်ကျောင်း ခန်းမ၌ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ပြည်သူ့အကျိုးပြု ကြက်ခြေနီလုပ်ငန်းစဉ်များ၊ ရှေးဦးသူနာပြုစုခြင်း လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ပြသသည်။

ဆက်လက်၍ မြေမြှုပ်မိုင်းနှင့် အခြားပေါက်ကွဲစေတတ်သော ပစ္စည်းများ အန္တရာယ်အကြောင်းများကို ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် သင်တန်းဆင်း ကြက်ခြေနီမောင်မယ်များက ရှင်းလင်းဆွေးနွေးပြီး လက်တွေ့ပြသကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

**အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပြည့်ဇာနည်အားကစားခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။**



**ဆုများပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစား နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်အကောင်းဆုံးဆုများ၊ အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့် အသင်းများ၊ ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုများနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ (ယာပုံ)

**ယှဉ်ပြိုင်ကစားခဲ့**

အဆိုပါတိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် ဩဂုတ် ၁၀ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅) နှစ်အောက် ဘောလုံးပြိုင်ပွဲအုပ်စုပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုအဆင့်အတန်း မြင့်တင်ရေးနှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမား များစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ "၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစား လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့် လေ့ကျင့်ရေးကွင်း အမှတ်(၃)တို့၌ ဆက်လက်ကျင်းပခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်သည့် ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်သည့် ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီခွဲတွင် အုပ်စုပတ်လည် ပြိုင်ပွဲပွဲစဉ်အဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# MNL-2 (ပထမတန်း) ပွဲစဉ် (၃) ဩဂုတ် ၁၈၊ ၁၉ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၇**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) လက်ကျန်ပွဲများကို ဩဂုတ် ၁၈၊ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ လက်ကျန်နှစ်ပွဲတွင် နိုင်ငံတကာပြိုင်ပွဲများ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းသုံးသင်းပါဝင်နေပြီး အသင်းအားလုံးစုံလင်နေပြီဖြစ်သောကြောင့် ပွဲစဉ် (၃) လက်ကျန်ပွဲများ ကစားခြင်းဖြစ်သည်။

ပွဲစဉ် (၃) လက်ကျန်ပွဲအဖြစ် ဩဂုတ် ၁၈ ရက် **(ယနေ့)** တွင် တက္ကသိုလ်အသင်းနှင့် Young Boys အသင်း၊ ဩဂုတ် ၁၉ ရက်တွင် Junior Lions အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် တတိယမြောက်ပွဲ ကစားရခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။ Junior Lions အသင်းမှာ ပထမဆုံးပွဲတွင် ဂိုးပြတ်အနိုင်ရထားပြီး တက္ကသိုလ်အသင်းမှာမူ အဖွင့်ပွဲတွင် အရေးနိမ့်ထားသည်။ တက္ကသိုလ်နှင့် Junior Lions အသင်းက ဒုတိယမြောက်ပွဲစဉ်၊ Young Boys အသင်းက ပထမဆုံးပွဲ ကစားရမည်ဖြစ်သည်။ Young Boys အသင်းသည် မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းဖြစ်ပြီး Junior Lions အသင်းမှာမူ မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းလည်း ဖြစ်သည်။

MNL-2ပြိုင်ပွဲကို ဩဂုတ် ၆ ရက်တွင် စတင်ကျင်းပလျက်ရှိသော်လည်း ဩဂုတ် ၁၆ ရက်အပြီးထိ လေးပွဲသာ ကျင်းပရသေးသည်။

**ရဲရင့်လွင်**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လူသစ်တန်း ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၇**

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူသစ်တန်းကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ လူသစ်တန်းပြိုင်ပွဲများမှ ထူးချွန်ကောင်းမွန်သည့်မျိုးဆက်သစ်အားကစားသမားများနှင့် လက်ရှိနိုင်ငံ့လက်ရွေးစင်များ ယှဉ်ပြိုင်ပွဲကို စက်တင်ဘာလအတွင်းတွင် ပြုလုပ်ခဲ့ပြီး ယင်းပြိုင်ပွဲမှ အကောင်းဆုံးအားကစားသမားများကို ရွေးချယ်၍ ဆီးဂိမ်းအတွက် စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပဏာမ နိုင်ငံ့လက်ရွေးစင်များရွေးချယ်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် ယခင်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာတံခွန်စိုက် ဖိတ်ခေါ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သည့် အားကစားသမားများအနေဖြင့် အဖွဲ့ချုပ်သို့ အမည်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**အာကာစိုး**

# မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံနှင့် ထိုင်းကလပ် ယနေ့ကစားမည်

**ရန်ကုန် ဩဂုတ် ၁၇**

၂၀၂၂ အာရှ အမျိုးသမီးကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အရှေ့အာရှဇုန် အုပ်စု ဒုတိယနေ့ပွဲကို ဩဂုတ် ၁၈ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် အိမ်ရှင်ထိုင်းကလပ် College Of Asian Scholars အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အနောက်အာရှဇုန်ပွဲစဉ်များကို ဩဂုတ် ၂၀၊ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အရှေ့အာရှဇုန်တွင် မြန်မာ၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)ကလပ်တို့ ပါဝင်သော်လည်း အနောက်အာရှဇုန်တွင် ပါဝင်သည့်အသင်းများအနက် အိန္ဒိယဘောလုံးအဖွဲ့ချုပ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲဝင်ခွင့်အားလုံး ပိတ်ပင်ခဲ့သဖြင့် အိန္ဒိယကလပ်လည်း ယှဉ်ပြိုင်ခွင့်မရတော့ဘဲ ဥဇဘက်ကစ္စတန်နှင့် အီရန်ကလပ်တို့သာ ကျန်ရှိတော့ကာ နှစ်ကျော့ကစားရမည်ဖြစ်သည်။ မြန်မာကလပ် အား/ကာသိပ္ပံအသင်းသည် ပထမပွဲတွင် တရုတ်(တိုင်ပေ)ကလပ် တိုင်ချောင်ဘလူးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ထားသည်။ ထို့ကြောင့် ယနေ့ကစားမည့်ပွဲမှာ အား/ကာသိပ္ပံအသင်းအတွက် နောက်တစ်ဆင့်တက်ရောက်ရေး မျှော်လင့်ချက်ဖြစ်ပြီး အားကုန်ထုတ်ကစားရမည်ဖြစ်ကာ အနိုင်ရမှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်းအနေဖြင့် သရေ သို့မဟုတ် အရေးနိမ့်ပါက အုပ်စုအဆင့်မှ ထွက်ရမည်ဖြစ်ပြီး အနိုင်ရပါက ထိုင်းကလပ်နှင့် တရုတ်(တိုင်ပေ)ကလပ်တို့၏ နောက်ဆုံးပွဲရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဇုန်နှစ်ခုမှ အမှတ်အများဆုံးနှစ်သင်းကစားမည့် ဗိုလ်လုပွဲကို အောက်တိုဘာတွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ရေဖြူကျေးရွာနေ ညီမောင်ထွေးသည် ၎င်းအသုံးပြုသည့် “Nyi Mg Htwe” Facebook အကောင့်၊ ချောင်းဆုံမြို့နယ် ကညော့်ကျေးရွာနေ ခင်နွယ်ဦး (ခ) မော်ဒယ်သည် ၎င်းအသုံးပြုသည့် “Khin New Oo” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ (၁) ရပ်ကွက် မယ်ဇလီပင်စုရပ်နေ မျိုးလွင်ဦး (ခ) ဗိုလ်ရွှေခြံသည် ၎င်းအသုံးပြုသည့် “Myo Lwin Oo” Facebookအကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အလယ်စုကျေးရွာနေ ထွေးဝင်းအောင် (ခ) ကိုထွေးသည် ၎င်းအသုံးပြုသည့် “Htwe Win Aung” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွာဘဲရပ်ကွက်နေ လရိပ်မင်းသည် ၎င်းအသုံးပြုသည့် “Layeik Min” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်း/မြောက်ရပ်ကွက်နေ အောင်သူရ (ခ) ဖိုးသားသည် ၎င်းအသုံးပြုသည့် “Phoe Thar” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ ဓာတုကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်၊ စားသောက်ကုန်၊ ဆောက်လုပ်ရေးသုံးပစ္စည်း၊ ကျောက်စိမ်းဖြင့်ပြုလုပ်ထားသောပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာန စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဌာနခွဲမှ တာဝန်ကျစစ်ဆေးရေးအဖွဲ့က ရန်ကုန်–မန္တလေးလမ်းဟောင်း ကုန်သွယ်မှုလမ်းမကြီးတစ်လျှောက် အခွန်ပေးဆောင်ထားသည့် ကုန်ပစ္စည်းများထက် ပိုမိုတင်ဆောင်လာကြောင်း သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ဓာတုကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၉၂၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ် (Semi Trailer )ပါ Mitsubishi Fuso အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၉၂၈၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**မန္တလေးတိုင်းဒေသကြီး**

အလားတူ ဩဂုတ် ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီး–



ရန်ကုန်တိုင်းဒေသကြီးအတွင်း သိမ်းဆည်းရမိသည့်ပစ္စည်းများ။

အောင်ပန်း – ရွာငံ – ဟန်မြင့်မိုရ် လမ်းကြောင်းရှိ မြို့ကြီးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အရက်နှင့် စီးကရက်မျိုးစုံအပါအဝင် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၀၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၀၀၉၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း**

ယင်းအပြင် ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်များကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ကြွေပြားချပ် ၁၀၀၄ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၉၀၅၂၇) နှင့် Adhesive Tape (Size: 54 micx 1280 mmx 4000 m) အလိပ် ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၀၅၂၇) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း**

ထို့အတူ ဩဂုတ် ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ လှည့်ကင်းစစ်ဆေးရေးပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်များဖြင့် ပြုလုပ်ထားသော ကျောက်ထည်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ပဲခူးတိုင်းဒေသကြီး**

ထို့အပြင် ဩဂုတ် ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင်ကျွန်းသစ်နှင့် သစ်မာ တန် ၂၂ ဒသမ ၆၉၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၈၇၁၉၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပေါင်းတလည်မြို့ ဖြူးကုန်းအုပ်စု မြို့လှကျေးရွာအနီး၌ Toyota Wish အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၈၇၁၉၆) ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၇၀၆၀၀၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကြည့်မြင်တိုင်မြို့နယ်၌ သင်္ဘောကျင်းတွင် လွှန်းတင်ထားသည့် လှေတစ်စင်းမီးလောင်

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ အောက်ရုံအလတ်ချောင်း ရပ်ကွက် အလတ်ချောင်းအပိုင်နယ်မြေရှိ ဦးပိုင်သင်္ဘောကျင်းတွင် လွှန်းတင်ထားသည့် အောင်သန့်ဇင် ၂၂၅ ငါးသယ်လှေတစ်စင်း ဩဂုတ် ၁၇ ရက် နံနက် ၁၀နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မီးသတ်ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းဝင်းနှင့် သန္ဓေအရန်မီးသတ်အင်အား ၁၁၂ ဦးတို့က မီးငြိမ်းသတ်ရေးယာဉ် ၁၂ စီး၊ အပေ့ါစားမီးသတ်စက် ၁၂ လုံးဖြင့် လာရောက်ငြိမ်းသတ်ရာ နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားသည့် အကြောင်းရင်းမှာ လှေ၏ပဲ့ခန်းရှိတက်မက ရောင်းအားသံဂဟေဆော်ရာမှ မီးပွားများလွင့်စင်ပြီး အနီးရှိသစ်သားကိုယ်ထည်အားကူးစက်၍ လောင်ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ငါးသယ်လှေ၏အတွင်း ကြမ်းခင်းများနှင့် ငါးထည့်သည့် ပလတ်စတစ်ပုံးများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ပဲ့နင်း ဦးတင်အောင်မျိုး (၄၂) နှစ်အား ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၈-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ် အနတ္တလက္ခဏသုတ်တော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** စစ်မှီပြိုင်ငြိမ်းချိန်းတန်ပါပြီ
- **၀၉:၁၀** NRC အစီအစဉ်
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘော အကဲဆေး'** (အပိုင်း-၃၅)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၁၁)
- **၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
- **၁၇:၁၀** Soccer View
- **၁၇:၃၀** လှုမှုစီးပွားမြင်ကွင်းများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့ အိပ်မက်တန်ဖိုး'** (အပိုင်း-၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၁၀** (၁၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲဇာတ်တော်ကြီး ပြိုင်ပွဲ "ဘူရိဒတ်ဇာတ်တော်ကြီး" (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)(ဒုတိယပိုင်း)
- **၂၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၁၂)

**mitv**

- **07:00** Evergreen Classic: Zambudipar (Shwe Yee Win)
- **07:08** Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper C
- **07:23** Ecotourism: Tour to explore
- **07:37** Reflected Glory
- **08:07** Come Beat Eggs For Fun & Reward
- **08:30** Gardener of Royal Thazin Floral
- **08:50** Mt. Naw Bu Baw
- **09:01** News
- **09:27** Products of Myanmar - Velvet Slipper
- **09:40** Yoga & Health
- **10:02** Ngapali Beach: Fishing Villages
- **10:09** Myanmar Traditional Snacks: Shwe Hta Min

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ရာဇဝြိုဟ်ရေလှောင်တမံ

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဝေဟင်ထက်ကဇီဝဗိုးငှက်ငယ်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ကျောက်တော်တောင်ပွဲ(ဗုဒ္ဓပူဇနိယပွဲတော်)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
မောက်မယ်ဒေသကရတနာသိုက်(သို့မဟုတ်) ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ပိုးမွေးမြူရေးအကြောင်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခေါင်လန်ဖူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
လောပိတရေအားလျှပ်စစ်

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဂန္ထဝင်ဆန်တဲ့အချစ်(အပိုင်း-၂)

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** ရတနာတန်းဝင်ရွှေကျွန်းပင်
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၃၀** နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ဖြူစင်သောစိတ်ထား'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
- **၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၅၀** တန်ဖိုးမြင့်ထုတ်ကုန် ဖွံ့နှံဆီအစွမ်း
- **၀၇:၀၅** ဝါတစ်လီစိမ်းတစ်လှည့်ရယ်နဲ့ နီသွေးကြွယ် ပါတဲ့အင်းခရမ်းချဉ်
- **၀၇:၅၅** အပင်များနှင့်ကမ္ဘာမြေချစ်သောအားဖြင့် စိမ်းလန်းစေ
- **၀၉:၁၅** ဒေသနှင့်ကိုက်ညီသောစပါးမျိုးစိုက်နိုင်ဖို့ ကိုယ်တိုင်ပါဝင်မျိုးရွေးချယ်စို့

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## "မိဘပြည်သူများထံသို့ အသိပေးပန်ကြားခြင်း"

ယနေ့ (၁၇.၈.၂၀၂၂) ရက်နေ့၊ (၀၆:၄၀) နာရီအချိန်ခန့်တွင် လေပြင်းတိုက်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ မြို့ပတ်လမ်းရှိ 33kV ပုသိမ်ညွန့်-ရာမကွင်း ဓာတ်အားလိုင်းပေါ်သို့ သစ်ပင်ကြီးပြိုလဲရာမှ 33kV ဓာတ်အားလိုင်းတိုင် ငါးတိုင်နှင့် 400V ဓာတ်အားလိုင်းတိုင်တစ်တိုင် ကျိုးပဲ့ပျက်စီးသွားခြင်းအား ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာအရှေ့ပိုင်း၊ တိုင်းတည်ဆောက်ရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းအဖွဲ့များပူးပေါင်း၍ ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း တာမွေမြို့နယ်အတွင်းရှိ နေရာများနှင့် ဗဟန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်များအတွင်းရှိ နေရာအနည်းငယ်တို့တွင် ယာယီဓာတ်အားပြတ်တောက်လျက်ရှိပါကြောင်း မိဘပြည်သူများထံသို့ လေးစားစွာအသိပေးပန်ကြား အပ်ပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း



## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇- ၈ - ၂၀၂၂

| ရွှေ | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၃၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၇၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၇၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၃၅ ကျပ် | ၂၇၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၁၀ ကျပ် | ၂၈၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၄၅ ကျပ် | ၂၃၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၂၀ ကျပ် | ၂၄၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၃၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၂၀ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၂၈၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၈ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၀ . ၀၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၉ . ၈၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၄၂၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၀၀၀ | ၇၀၀၀ | ၁၈၀၂ | ၁၂၅၅၄၀၀၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၃၁၄၂ | ၇၆၉၇၉၀၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၁၀၀၂ | ၆၈၆၃၈၀၀ |
| FPB | ၁၅၅၀၀ | ၁၇၅၀၀ | ၁၂၂၁ | ၁၉၅၄၁၀၀၀ |
| TMH | ၂၂၀၀ | ၂၃၀၀ | ၆၁၂ | ၁၃၆၁၆၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၀၁ | ၂၄၇၄၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၁ | ၅၃၉၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်လာစေမည့် ဂျိုင်း(ဇာသပြင်)နှင့် အတ္ထရံတံတား

မော်လမြိုင်-ဇာသပြင်-အိန္ဒူ-ကော့ကရိတ်-မြဝတီလမ်း(မော်လမြိုင်-ဇာသပြင်) အပိုင်းပေါ်တွင် ရှိသည့် ဂျိုင်း(ဇာသပြင်)တံတားတည်ဆောက်မှုသည် ၆ ဒသမ ၅၃ ရာခိုင်နှုန်းနှင့် အတ္ထရံတံတား တည်ဆောက်မှုသည် ၃ ဒသမ ၅၆ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မွန်ပြည်နယ် တံတားဦးစီးဌာနမှ သိရသည်။

ဗညားဦး



ဂျိုင်း(ဇာသပြင်)တံတားသစ် တည်ဆောက်ပြီးပါက တွေ့မြင်ရမည့်ပုံ။

**ပြည်တွင်း ပြည်ပ ကုန်စည်စီးဆင်းမှုအတွက် အဓိကကျ**

"ဒီတံတားသစ်နှစ်စင်းကို ကျွန်တော်တို့တံတားဦးစီးဌာနအနေနဲ့ ဂျပန်နိုင်ငံရဲ့ သက်သာသောအတိုးနှုန်းချေးငွေနဲ့ တံတားဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီတံတားသစ်နှစ်စင်းရှိတဲ့ လမ်းပိုင်းဟာ မြန်မာနိုင်ငံ ရန်ကုန်သီလဝါ ရေနက်ဆိပ်ကမ်းမှ အိမ်နီးချင်း ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့ကို ဖြတ်သန်းကာ ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းမြို့အထိ ခရီးပေါက်မှာ ဖြစ်ပါတယ်။ အရှေ့-အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်မှာရှိတဲ့ ပြည်တွင်း ပြည်ပ ကုန်စည်စီးဆင်းမှုအတွက် အဓိကကျတဲ့ တံတားတွေလို့ ပြောလို့ရပါတယ်" ဟု ပြည်နယ် တံတားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝေဖြိုးက ပြောကြားသည်။

ဂျိုင်း(ဇာသပြင်)တံတားသစ်နှင့် အတ္ထရံတံတားသစ် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးစီးဌာနမှ သိရသည်။

**အာဆီယံနိုင်ငံများအကြား အဓိက ဆက်သွယ်သောလမ်းမကြီးဖြစ်**

ဂျိုင်း(ဇာသပြင်)တံတားသစ်နှင့် အတ္ထရံတံတားသစ် စီမံကိန်းများသည် အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိပြီး ယင်းလမ်းမကြီးသည် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်စသည့် အာဆီယံနိုင်ငံများအကြား အဓိက ဆက်သွယ်သောလမ်းမကြီးဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် ယာဉ်စီးရေများပြားလာခြင်းကို အဆင်ပြေစေရန်နှင့် တန် ၆၀ ကားများ ဖြတ်သန်းသွားလာနိုင်စေရန် အဓိကရည်ရွယ် တည်ဆောက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒေသက ကုန်စည်စီးဆင်းမှုများတယ်။ လက်ရှိတံတားတွေက အသုံးပြုတာများတော့ ခံနိုင်ဝန် လျှော့ချထားတယ်။ ဒီတော့မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ သုံးရအောင် တံတားသစ်တွေ အမြန်ပြီးစေချင်တာပေါ့။ တံတားသစ်ကြီးတွေ အသုံးပြုရတော့ ဒေသခံတွေအတွက် ကျွန်တော်တို့လို ကုန်စည်ကူးသန်းရောင်းဝယ်ပြီး အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ဒေသခံတွေအတွက် ပိုပြီးအဆင်ပြေတာပေါ့" ဟု ဒေသခံ ဦးညွှန့်ဝေက ပြောပြသည်။

**တံတား၏ ခံနိုင်ဝန်ကို လျှော့ချ**

လက်ရှိအသုံးပြုလျက်ရှိသည့် ဂျိုင်း(ဇာသပြင်) တံတားနှင့် အတ္ထရံတံတားတို့ကို ၁၉၉၆ ခုနှစ်တွင် တည်ဆောက်အသုံးပြုခဲ့ပြီး နေ့စဉ်ဖြတ်သန်းသွားလာသော ယာဉ်စီးရေများပြားလာခြင်းနှင့် ကုန်စည်များ ပိုမိုဖြတ်သန်းစီးဆင်းလာခြင်းတို့ကြောင့် ယခုအခါ တံတားနှစ်စင်း၏ ခံနိုင်ဝန်ကို ၁၃ တန်သာ လျှော့ချခွင့်ပြုထားသည်။

တည်ဆောက်ဆဲ တံတားနှစ်စင်းအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ပေးထားသည့် ဂျိုင်း(ဇာသပြင်) တံတားသစ် တည်ဆောက်ရေးစီမံကိန်းသည် တံတားဟောင်း၏ ရေဆန်ဘက် (U/S) (၄၅ မီတာ) အကွာတွင် ကပ်လျက်တည်ရှိသည်။

**လေးလမ်းသွား တံတားအမျိုးအစားဖြစ်**

ဂျိုင်း(ဇာသပြင်) တံတားသစ်သည် တံတားအရှည် ၇၉၇ မီတာ၊ တံတားအကျယ် ၂၀ ဒသမ ၇ မီတာ ရှိသည်။ တံတားသည် လေးလမ်းသွား Cable Stayed တံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားအပေါ်ထည်သည် သုံးခန်းတွဲ သံမဏိကြိုးဆိုင်းတံတားဖြစ်ကာ တံတားခွင့်ပြုတန်ချိန်အနေဖြင့် HL-93 Loading (AASHTO) ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်တန် ၆၀ ဖြစ်သည်။

"တည်ဆောက်ဆဲ နောက်တံတားတစ်စင်းဖြစ်တဲ့ အတ္ထရံတံတားသစ် တည်ဆောက်ရေးစီမံကိန်းဟာ တံတားဟောင်းရဲ့ ရေစုန်ဘက် (D/S) (၃၅ မီတာ) အကွာမှာ ကပ်လျက်တည်ရှိပါသည်။ ပင်မတံတားအပေါ်ထည်က သုံးခန်းတွဲ သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီးတော့ ချဉ်းကပ်တံတားကို T ပုံ သဏ္ဍာန်ကြိုတင်သွန်းလောင်းကွန်ကရစ်ရက်မနဲ့ တည်ဆောက်ထားတဲ့ နှစ်ခန်းဆက် ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား ဖြစ်ပါတယ်။ ဒီတံတားဟာ တံတားအကျယ် ၂၀ ဒသမ ၇ မီတာ၊ တံတားအရှည် ၄၈၀ မီတာ လေးလမ်းသွားတံတားဖြစ်ပြီး တံတားခွင့်ပြုတန်ချိန် တန် ၆၀ ဖြစ်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) က ပြောသည်။

**မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထား**

အတ္ထရံတံတားသစ်တည်ဆောက်ရေး စီမံကိန်းသည် မွန်ပြည်နယ်တွင် တည်ရှိပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသည်။

"လက်ရှိတည်ဆောက်ဆဲ တံတားနှစ်စင်းရဲ့ စီမံကိန်းကာလကို လျာထားကာလအတွင်း အချိန်မီပြီးစီးဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိတံတားနှစ်စင်းတည်ဆောက်မှုမှာ ကျန်ရှိတဲ့ လုပ်ငန်းတွေကတော့ Bored Pile တူးခြင်းလုပ်ငန်း၊ တံတားကိုယ်ထည် တည်ဆောက်ခြင်းလုပ်ငန်း၊ တံတားအပေါ်ထည် တည်ဆောက်ခြင်းလုပ်ငန်း၊ အပြီးသတ်လုပ်ငန်းတွေဆောင်ရွက်ခြင်းနဲ့ တံတားဟောင်းဖျက်သိမ်းခြင်း လုပ်ငန်းစတာတွေ ဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

**ကုန်စည်စီးဆင်းမှုအတွက် များစွာ အထောက်အပံ့ပြု**

ဂျိုင်း(ဇာသပြင်)တံတားသစ်နှင့် အတ္ထရံတံတားသစ်စီမံကိန်းများသည် ပြီးစီးပါက ယင်းတံတားနှစ်စင်းကို ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ကာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အပံ့ ဖြစ်စေမည် ဖြစ်သည်။ ထို့ပြင် မော်လမြိုင်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းသို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီတိုင်းဒေသကြီးအထိသို့လည်းကောင်း ပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်း ပြည်ပ ကုန်စည်စီးဆင်းမှု လျင်မြန်စေရန်အတွက် များစွာ အထောက်အပံ့ပြုလျက်ရှိသည်။ ။

**‘ဂျိုင်း(ဇာသပြင်)တံတားသစ်နှင့် အတ္ထရံတံတားသစ် စီမံကိန်းများသည် အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိပြီး ယင်းလမ်းမကြီးသည် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်စသည့် အာဆီယံနိုင်ငံများအကြား အဓိက ဆက်သွယ်သော လမ်းမကြီးဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် ယာဉ်စီးရေများပြားလာခြင်းကို အဆင်ပြေစေရန်နှင့် တန် ၆၀ ကားများ ဖြတ်သန်းသွားလာနိုင်စေရန် အဓိကရည်ရွယ် တည်ဆောက်ခြင်းဖြစ်’**

# ကျေးလက်ဒေသနေအမျိုးသမီးများ မိသားစုအပိုဝင်ငွေရရှိရေး သီးနှံအခြေခံယိုမျိုးစုံပြုလုပ်နည်း သင်တန်းဖွင့်

ပြည် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ပြည်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ဖုမ္မသိမ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သီးနှံအခြေခံ ယိုမျိုးစုံပြုလုပ်နည်း သင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်ကြာဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ကျေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းသူများကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပြဆရာမများက ခရမ်းချဉ်သီး၊ နာနတ်သီး၊ ဆီးသီးနှင့် ကျောက်ဖရုံသီးအစရှိသော အခြေခံသီးနှံများဖြင့် ယိုမျိုးစုံပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းကို ဩဂုတ် ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးသိန်းအောင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

ကိုဆက်

(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူနေအိမ်များပြိုကျ

ချောင်းဆုံ ဩဂုတ် ၁၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ဩဂုတ် ၁၇ ရက် နံနက် ၂ နာရီခန့်က မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် ကလော့တောင်စောင်းမြေနံရံပြိုကျပြီး အုပ်ချုပ်ရေးမှူးရုံးနှင့် နေအိမ်လေးလုံး ပျက်စီးခဲ့သည်။

ပြိုကျပျက်စီးဆုံးရှုံးသည့် အိမ်ထောင်စုလေးစုမှ မိသားစုဝင်များမှာ ဆွေမျိုးနေအိမ်များသို့ ယာယီပြောင်းရွှေ့နေထိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အုပ်ချုပ်ရေးမှူးရုံးနှင့် နေအိမ်လေးလုံး ပျက်စီးဆုံးရှုံးမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၄၉ သိန်းခန့်ဖြစ်ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

မြို့နယ်

(ပြန်/ဆက်)

## အင်တာနက်အဆင်မပြေမှုများအတွက် MPT က အသုံးပြုသူများအား MPT Club ပွိုင့် ၃၀၀ ပေးအပ်

**ရန်ကုန် ဩဂုတ် ၁၇**

ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အတွင်း ဖြစ်ပွားခဲ့သည့် ဖိုင်ဘာဆက်ကြောင်း ပြတ်တောက်မှုကြောင့် MPT ဆင်းကတ်အသုံးပြုသူများအနေဖြင့် အဆိုပါရက်များအတွင်း အင်တာနက်အသုံးပြုရာတွင် နှေးကွေးမှုများ ကြုံတွေ့ခဲ့ရခြင်းအတွက် MPT က အသုံးပြုသူများအား တောင်းပန်စာကို ဩဂုတ် ၁၁ ရက်က ထုတ်ပြန်ခဲ့ပြီး အဆိုပါရက်များအတွင်း အဆင်မပြေမှုများကြုံတွေ့ခဲ့ရသော အသုံးပြုသူများအတွက် MPT Club ပွိုင့် ၃၀၀ စီကို ဩဂုတ် ၁၄ ရက်မှစ၍ ၂၀ ရက်အထိ ပြန်လည်ပေးအပ်လျက်ရှိသည်။

ဖိုင်ဘာဆက်ကြောင်း ပြတ်တောက်မှုကာလအတွင်း အဆင်မပြေမှုများအတွက် MPT က အနူးအညွတ်တောင်းပန်သည့်အနေဖြင့် သုံးစွဲသူများအား MPT Club ပွိုင့် ၃၀၀ ကို လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခြင်းဖြစ်ပြီး MPT Club အစီအစဉ်တွင် စာရင်းသွင်းထားသော သုံးစွဲသူများအနေဖြင့် နံပါတ် *2006# သို့ ခေါ်ဆို၍ MPT Club ပွိုင့် ၃၀၀ ကို ရရှိနိုင်မည်ဖြစ်သည်။ MPT သုံးစွဲသူများသည် MPT Club ပွိုင့်များဖြင့် MPT ၏ အသံ၊ ဒေတာနှင့် စာတိုအစရှိသည့် မိုဘိုင်းဝန်ဆောင်မှုများမှ ကြိုက်နှစ်သက်ရာကို လဲလှယ်နိုင်သည့်အပြင် MPT ၏ မိတ်ဖက်အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများဖြင့်လည်း လဲလှယ်နိုင်မည်ဖြစ်သည်။

ကရင်ပြည်နယ်ရှိ မြဝတီနှင့် ကော့ကရိတ်မြို့နယ်ကြား ဖိုင်ဘာဆက်ကြောင်း ပြတ်တောက်မှုနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်နှင့် ငွေဆောင်မြို့နယ်ကြား ပင်လယ်ရေအောက် (SE–ME–WE– 5) ဓာတ်အားကြိုးပြတ်တောက်မှုကြောင့် ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အတွင်း MPT အင်တာနက်လိုင်းအဆင်မပြေမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ပြတ်တောက်မှုများကို ဩဂုတ် ၁၂ ရက် ည ၈ နာရီခွဲခန့်တွင် ပြုပြင်ပြီး၍ ဒေတာဝန်ဆောင်မှုများကို မူလအတိုင်း ပြန်လည်အသုံးပြုနိုင်ခဲ့သည်။

**ကျော်ဇင်ဦး**

## မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ITPEC စာမေးပွဲအတွက် အထောက်အကူပြုသင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၁၇**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ယခုနှစ်အတွက် ဒုတိယအကြိမ်မြောက် Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြု စာမေးပွဲများကို အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



ပြီးခဲ့သော စစ်ဆေးခဲ့သော စာမေးပွဲတွင် ဖြေဆိုနေသူများ။

စာမေးပွဲအမျိုးအစားသုံးခုဖြစ်သည့် IT Passport (IP) စာမေးပွဲ၊ Fundamental IT Engineer (FE) စာမေးပွဲနှင့် Applied IT Engineer (AP) စာမေးပွဲသုံးမျိုးကို စစ်ဆေးမည်ဖြစ်ပြီး IP စာမေးပွဲသည် IT နည်းပညာဆိုင်ရာ အခြေခံဗဟုသုတရှိပြီး IT နှင့် သက်ဆိုင်သော လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူများအတွက် အခြေခံအဆင့်စာမေးပွဲဖြစ်ကာ FE နှင့် AP စာမေးပွဲများမှာ ပို၍ အဆင့်မြင့်သော စာမေးပွဲများဖြစ်သည်။ FE နှင့် AP စာမေးပွဲများတွင် အောင်မြင်သူများအနေဖြင့် ဂျပန်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံအသီးသီးတွင် IT နည်းပညာဆိုင်ရာ အလုပ်အကိုင်များရရှိနိုင်မည့် ကျွမ်းကျင်မှုအသိအမှတ်ပြု အောင်လက်မှတ်ကို ရရှိမည်ဖြစ်သည်။

စာမေးပွဲများကို အောက်တိုဘာ ၂၃ ရက်တစ်ရက်တည်းတွင် အချိန်များခွဲ၍ စစ်ဆေးမည်ဖြစ်ပြီး စာမေးပွဲတွင် ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် IT နည်းပညာကို စိတ်ပါဝင်စားသည့် မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ပြီး စာမေးပွဲကြေးမှာ IP စာမေးပွဲအတွက် ကျပ်သုံးသောင်း၊ FE စာမေးပွဲအတွက် ကျပ် လေးသောင်းနှင့် AP စာမေးပွဲအတွက် ကျပ်ငါးသောင်းဖြစ်သည်။ ကွန်ပျူတာပညာရှင်အသင်းဝင်များ အနေဖြင့် စာမေးပွဲကြေးအတွက် ၅၀ ရာခိုင်နှုန်း လျှော့ဈေးရရှိမည်ဖြစ်ပြီး ဖြေဆိုမည့်သူအားလုံးသည် စက်တင်ဘာ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာမေးပွဲကြေးနှင့်အတူ စာရင်းပေးသွင်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းအနေဖြင့်လည်း FE စာမေးပွဲအတွက် အထောက်အကူပြုသင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ တိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကို ရန်ကုန်မြို့ MICT Park ၌ စက်တင်ဘာ ၃ ရက်မှစ၍ ငါးပတ်ကြာ စနေ၊ တနင်္ဂနွေ နှစ်ရက် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိဖြစ်ကာ သင်တန်းကြေး ကျပ် ၉၀၀၀၀ ဖြစ်ကြောင်း၊ သင်တန်းအတွက် ဩဂုတ် ၁၃ ရက်မှစ၍ စာရင်းသွင်းနိုင်ကြောင်း သိရသည်။

ITPEC စာမေးပွဲနှင့် ပတ်သက်၍ဖြစ်စေ၊ အထောက်အကူပြုသင်တန်းနှင့် ပတ်သက်၍ဖြစ်စေ အသေးစိတ်အချက်အလက်များ သိရှိလိုပါက MICT Park အဆောင်(၉)ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)၊ ဖုန်း–၀၁–၆၅၂၃၀၇၊ ၀၁–၂၃၀၅၂၃၃ နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)၊ ဖုန်း–၀၁–၆၅၂၂၇၆၊ ၀၉၅၀၆၇၁၆၈ သို့ စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။

**ကိုစိုး**

## အန်းဒရွိုက်ဗားရှင်းအသစ် Android 13 တရားဝင် ထွက်ရှိလာ

အန်းဒရွိုက်ဖုန်းများ၏ စက်လည်ပတ်မှုစနစ်ဖြစ်သော အန်းဒရွိုက် ၁၃ အတွက် စမ်းသပ်ဗားရှင်းများကို ယခုနှစ်အတွင်း လေးကြိမ်ထုတ်ခဲ့ပြီးနောက် ဩဂုတ် ၁၅ ရက်တွင် အန်းဒရွိုက် ၁၃ (Stable Version)ကို တရားဝင် မိတ်ဆက်လိုက်ပြီဖြစ်ကာ ပထမဆုံးအနေဖြင့် ဂူဂဲလ်က ထုတ်ထားသော ဖုန်းများဖြစ်သည့် Pixel 4, 4XL, 4a, 4a 5G, 5, 5a, 6, 6a နှင့် 6 Pro တို့တွင် အန်းဒရွိုက် ၁၃ ကိုတင်၍ အသုံးပြုနိုင်ပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ်က အန်းဒရွိုက် ၁၂ ဗားရှင်းသစ်ကို အောက်တိုဘာလဆန်းမှ ထုတ်နိုင်သော်လည်း ယခုနှစ်တွင် အချိန်စော၍ ဩဂုတ်လလယ်မှာပင် ဗားရှင်းသစ်ကို ထုတ်ပေးခဲ့ခြင်းဖြစ်သည်။



အန်းဒရွိုက် ၁၃ ၏ ဒီဇိုင်းပိုင်းတွင် ယခင် အန်းဒရွိုက် ၁၂ မှာ Material You Theme ၏ ဒီဇိုင်းများကို အခြေခံကာ စိတ်ကြိုက်ပြင်ဆင်ရွေးချယ်မှုများ ပိုလုပ်နိုင်မည့် လုပ်ဆောင်ချက်အသစ်များကို တိုးမြှင့်ပေးထားသည်။ ထို့အပြင် အသုံးများသော လုပ်ဆောင်ချက်များဖြစ်သည့် သီချင်းနောက်ခံ Album Art၊ Widgets များ၊ စခရင်ရှော့ဖမ်းခြင်း(Scrolling Screen–shot)၊ လက်တစ်ဖက်တည်းဖြင့်အသုံးပြုသည့် One–handed mode, မျက်နှာပြင်ကို လှည့်ပေးခြင်း(Auto rotation) နှင့် အက်ပလီကေးရှင်းများကို ရှာသည့် AppSearch တို့တွင်လည်း လက်တွေ့အသုံးဝင်စေမည့် အဆင့်မြှင့်တင်မှုများကို မိတ်ဆက်ပေးခဲ့သည်။ QR ကုဒ်စကင်န်ဖတ်ခြင်းအတွက်လည်း အမြန်ခလုတ်တစ်ခုကို ထည့်ပေးထားပြီး သီးခြားအက်ပလီကေးရှင်း မလိုတော့ဘဲ ထိုခလုတ်ကိုနှိပ်၍ တိုက်ရိုက်ဖတ်နိုင်မည်ဖြစ်သည်။ ထို့အပြင် အသံစနစ်အတွက် Bluetooth ဖြင့် ချိတ်ဆက်မှုတွင်လည်း ပိုမိုကောင်းမွန်သော ဖန်တီးမှုများပါဝင်သည်။ အထူးခြားဆုံး အဆင့်မြှင့်တင်မှုတစ်ခုမှာ အက်ပလီကေးရှင်းတစ်ခုချင်းစီအလိုက် အသုံးပြုမည့်ဘာသာစကားကို အသုံးပြုသူက သတ်မှတ်နိုင်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အန်းဒရွိုက် ၁၃ ကို အထက်ပါ Pixel ဖုန်းများအပြင် အောက်ပါဖုန်းများတွင်လည်း အပ်ဒိတ်တင်၍ အသုံးပြုနိုင်မည်ဖြစ်ကာ အခြားဖုန်းမော်ဒယ်များမှာမူ ဖုန်းအမျိုးအစားအလိုက် System Update ထုတ်ပေးမှုအပေါ်မူတည်၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

| ဖုန်းမော်ဒယ် | ဖုန်းအမျိုးအစား |
|---|---|
| Samsung | Galaxy S22 series |
| Asus | ZenFone 8 |
| Lenovo | P12 Pro tablet |
| OnePlus | OnePlus 10 Pro |
| Oppo | Oppo Find N and Oppo Find X5 Pro |
| Realme | Realme GT 2 Pro |
| Sharp | Aquos Sense6 |
| Tecno | Camon 19 Pro 5G |
| Vivo | Vivo X80 Pro |
| Xiaomi | Xiaomi 12, Xiaomi 12 Pro and Xiaomi Mi Pad 5 (tablet) |
| ZTE | Axon 40 Ultra |
| Nokia | Nokia X20 |

ကိုးကား–androidauthority.com

## မြန်မာနက်က ကျပ် ၄၈၀၀၀ နှင့်အထက် အစီအစဉ်များကို လုပ်ငန်းသုံးအဖြစ် ပြောင်းလဲတိုးမြှင့်သတ်မှတ်

**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနက် Plus အင်တာနက်အစီအစဉ်များမှ ကျပ် ၄၈၀၀၀ နှင့်အထက် အစီအစဉ်များကို လုပ်ငန်းသုံးအင်တာနက်အစီအစဉ်အဖြစ် မြန်မာနက်က ဩဂုတ် ၁၄ ရက်မှစ၍ ပြောင်းလဲတိုးမြှင့်သတ်မှတ်လိုက်သည့်အပြင် မြန်နှုန်းများကိုလည်း ၃၃ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးလိုက်ကြောင်း သိရသည်။

ထိုသို့ ပြောင်းလဲသတ်မှတ်လိုက်ခြင်းကြောင့် မြန်မာနက်၏ ကျပ် ၄၈၀၀၀ နှင့်အထက် အစီအစဉ်များကို အသုံးပြုနေသူများအနေဖြင့် လုပ်ငန်းသုံးအင်တာနက်အစီအစဉ်၏ အားသာချက်များဖြစ်သော ၄၈ နာရီအတွင်း အခက်အခဲဖြေရှင်းပေးခြင်း၊ မှာယူသူတစ်ဦးချင်းစီအတွက် သီးသန့်တာဝန်ခံရှိခြင်း၊ သီးသန့်လိုင်းများဖြစ်သောကြောင့် လိုင်းပြတ်တောက်မှုနည်းပါးပြီး တစ်လိုင်းပြတ်လျှင် နောက်တစ်လိုင်းဖြင့် 40 Mbps အမြန်နှုန်းအထိ ဆက်လက်အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းသုံးအင်တာနက်အစီအစဉ်ကို ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ နေပြည်တော်၊ ပဲခူး၊ တောင်ငူနှင့် မော်လမြိုင်မြို့များတွင် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**



ကျော်စိုးလွင်(ခ)ဖိုးလမင်း(ခ) အရှည်ကြီး အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ကျောက်တံခါး၊ အောင်မြေသာစံနှင့် အမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ ရက် ညနေ ၄ နာရီခွဲတွင် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်းကျေးရွာ စိန်ကန့်လန့်လမ်းရှိ ရာဇာမြင့်ကိုကို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၆၀ ကို လည်းကောင်း၊ ထိုနေ့ နံနက် ၁၁ နာရီခွဲတွင် အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက် ၅၄ လမ်း ၂၅ x ၂၆ လမ်းကြားတွင် ကျော်စိုးလွင်(ခ)ဖိုးလမင်း (ခ)အရှည်ကြီး ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ကို လည်းကောင်း၊ ယင်းနေ့ ည ၈နာရီတွင် အမ်းမြို့ အမှတ်(၃)ဈေး တောင်ရပ်ကွက်ရှိ မော်တော်ယာဉ်ရပ်နားဝင်းတွင် မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ပါဆယ်ထုပ်လာရောက်ထုတ်ယူသူ ဇေယျာထွန်းနှင့် မဇင်မာဝင်း(ခ)မီးငယ်တို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
# တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် အောက်ပါမွေးမြူရေး ခြံ/စက်ရုံများအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ၊ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆက်စပ်သော Processing အပိုင်းနှင့် Value Added အပိုင်းများအား ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်ကုမ္ပဏီများသို့ နှစ်ရှည်ငှားရမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | ခြံ/စက်ရုံအမည် | ဧက | ငှားရမ်းဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|---|
| ၁ | ဒိုက်ဦးဝက်မွေးမြူရေးခြံ အစာစပ်စက်ရုံ | ၃၉.၅၂ | ဝက်မွေးမြူထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၂ | ဒိုက်ဦးသဘာဝဓါတ်မြေဩဇာစက်ရုံ | ၁၂.၀၀ | ဝက်မွေးမြူရေးနှင့်ဆက်စပ်လုပ်ငန်း/ဇီဝမြေဩဇာ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း |
| ၃ | ဝက်သားကုန်ချောစက်ရုံ | ၃၅.၇၀ | မွေးမြူရေးထုတ်လုပ်ခြင်းနှင့် ဆိုင်သောလုပ်ငန်း |
| ၄ | မြေလွတ်ဧရိယာ | ၂၂.၀၀ | မွေးမြူရေးထုတ်လုပ်ခြင်းနှင့် ဆိုင်သောလုပ်ငန်း |

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ စီးပွားရေးရာအထောက်အကူပြုဌာနခွဲ၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် တစ်စောင်လျှင် (၁၀၀၀၀/-)ကျပ်ဖြင့် ရုံးချိန်အတွင်း လာရောက်ဝယ်ယူရရှိနိုင်ပါ သည်။

၃။ တင်ဒါအဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများအား (၂-၉-၂၀၂၂)ရက် မွန်းလွဲ ၂:၃၀ နာရီ နောက်ဆုံးထား၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖုန်း- ၀၆၇-၃၄၀၈၄၈၀၊ ၀၆၇-၃၄၁၈၄၅၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါအဆိုပြုလွှာလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
# ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနလက်အောက်ရှိ မန္တလေးအစာစပ်စက်ရုံ၊ ဒညင်းကုန်းအစာစပ်စက်ရုံ၊ လှော်ကား အစာစပ်စက်ရုံ၊ လှော်ကားသွပ်ပြားစက်ရုံ၊ လှော်ကားနွားခြံ၊ ပျဉ်းမပင်မျိုးသန့်ခြံ၊ ပျဉ်းမပင်ကြက်မျိုးများ မွေးမြူစမ်းသပ်ရေးစခန်းတို့ရှိ ပြုပြင်သုံးစွဲရန်မသင့်တော်သည့် **အဆောက်အဦ၊ စက်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ရုံးသုံးပစ္စည်းများ**အား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

၂။ လေလံစည်းကမ်းချက်များနှင့် ပုံစံများကို (၁၈-၈-၂၀၂၂)ရက်ရုံးချိန်မှစ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီးပွားရေးရာအထောက် အကူပြုဌာနခွဲ၌ (၁-၉-၂၀၂၂) ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ရယူနိုင်ပါသည်။

၃။ လေလံတင်သွင်း ယှဉ်ပြိုင်ဝယ်ယူသူများသည် လေလံအာမခံငွေ(၁၀) သိန်းကျပ်တိတိကို မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းထားသည့် PO Cheque ချလန်မူရင်းအား လေလံဖွင့်လှစ်ရောင်းချမည့်ရက် ၂-၉-၂၀၂၂ရက် (သောကြာနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအတွင်း နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပြီး ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီးပွားရေးရာအထောက်အကူပြုဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၈၄၈၀၊ ၀၆၇-၃၄၁၈၄၅၉၊ ၀၆၇-၃၄၁၈၄၅၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၆၀၆)၊ မြေကွက်တည်နေရာအမှတ်(၆၀၆)၊ မောင်းမကန်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးစိုးမြင့် (၁၂/သဃက(နိုင်) ၀၇၄၀၀၇)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးစိုးမြင့် (၁၂/သဃက(နိုင်) ၀၇၄၀၀၇) (ဖခင်)၊ ဒေါ်သောင်းသောင်းဝင်း (မိခင်) ကွယ်လွန်၍ သားသမီးများဖြစ်သော ဦးစည်သူဝင်း (၁၂/သဃက(နိုင်) ၁၆၉၄၇၈)၊ ဦးစည်သူစိုး (၁၂/သဃက(နိုင်) ၁၆၉၄၇၇)တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးများဖြစ်ပြီး အခြားကိုတ္တမ မွေးစားသားသမီးများမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၈/၂၀၂၂)(၁-၄-၂၀၂၂) အသိသက်သေ(၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုစာရင်း တို့တင်ပြပြီး ပိုင်ဆိုင်/အရောင်းမြေပုံကူး လျှောက်ထားခြင်းကို မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်သွပ်မိုးပျဉ်ထောင် (၁)လုံးရှိပြီး လူမနေသော့ပိတ်ထားပါသည်။ အရပ်ကတိစာချုပ် ဝယ်သူထားသူမှ အိမ်သော့ဖွင့်ပြ၍ ဦးစည်သူဝင်းမှ သိရှိသဘောတူကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ပိုင်ဆိုင်/အရောင်း မြေပုံကူး လျှောက်ထားခြင်းကို တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## မုဒုံမြို့နယ်၌ မိုးသည်းထန်မှုကြောင့် မော်လမြိုင်-သံဖြူဇရပ် ကားလမ်းရေကျော်

**မုဒုံ ဩဂုတ် ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် မော်လမြိုင်-သံဖြူဇရပ်ကားလမ်း မိုင်တိုင်အမှတ် (၃၅/၁) နှင့် (၃၅/၂) အကြား နီးပဒေါကျေးရွာ၌ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခန့်မှစ၍ ကားလမ်းရေကျော်မှု ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကားလမ်းရေကျော်သည့်နေရာ၌ ရေအမြင့် တစ်ပေခန့် ရေကျော်လျက်ရှိကြောင်း၊ မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဒုတိယ ဗိုလ်မှူးကြီး နေသူရိန်နှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းကာ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်မှုကို စောင့်ကြည့်ကူညီပေးလျက်ရှိကြောင်း၊ ရေဆက်လက်မြင့်တက်လာပါက အန္တရာယ်ကင်းရှင်းစေရန် ယာဉ်များဖြတ်သန်းသွားလာမှုကို ခေတ္တဆိုင်းငံ့သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မော်တော်ယာဉ်များသည် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိသော်လည်း အချို့သော မော်တော်ယာဉ်ငယ်၊ ဆိုင်ကယ်များကိုမူ ဖြတ်သန်းသွားလာစေခြင်း မပြုဘဲ ရေအနည်းငယ် ပြန်လည်ကျဆင်းချိန်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်မှုကြောင့် မြို့နယ်အတွင်းရှိ ကမာဝက်မြို့တွင်လည်း မြေနိမ့်ပိုင်းရပ်ကွက်များ၌ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းမှစ၍ ရေကြီးရေလျှံမှုဖြစ်ပွားကာ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်လျက်ရှိသည်။ ကမာဝက်ချောင်းအတွင်းသို့ တောင်ကျရေစီးဆင်းမှုများပြားသဖြင့် ချောင်းရေကျော်ကာ တံတားဦးရပ်ကွက်၊ သိမ်ကုန်းရပ်ကွက်၊ စိန်တောင်ရပ်ကွက်တို့မှ လမ်းအချို့နှင့် လူနေအိမ်များအတွင်းသို့ ရေများ နှစ်ပေခန့် ဝင်ရောက်လျက်ရှိကြောင်း၊ ပြောင်းရွှေ့ရန် လိုအပ်ပါက ပြောင်းရွှေ့နိုင်မည့် ဘေးလွတ်ရာနေရာကို မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကြိုတင်စီစဉ်ထားရှိကြောင်း၊ လက်ရှိအချိန်တွင် ရေကြီးနေသည့်နေရာများ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းကာ လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**သားငယ် (မုဒုံ)**

## ကျိုက်မရောမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အတ္ထရံမြစ်ရေတက်၍ အနိမ့်ပိုင်းကျေးရွာများရေကြီး

**ကျိုက်မရော ဩဂုတ် ၁၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ဩဂုတ် ၁၆ ရက်က မိုးများ သည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အတ္ထရံမြစ်ရေမြင့်တက်ကာ မြစ်ကမ်းအနီး အနိမ့်ပိုင်းကျေးရွာများဖြစ်သည့် ဦးလေးကျေးရွာနှင့် ငပြေမကျေးရွာတို့၌ မြစ်ရေနှင့် မိုးရေများ လူနေအိမ်များအတွင်း ဝင်ရောက်ကာ ရေကြီးမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

လက်ရှိအချိန်တွင် ရေကြီးနေမှုကြောင့် ကျောင်းသား ကျောင်းသူများ သွားလာရေးခက်ခဲနေ၍ ဦးလေးကျေးရွာနှင့် ငပြေမကျေးရွာတို့ရှိ အခြေခံပညာကျောင်းများဖြစ်သည့် ငပြေမအထက(ခွဲ)နှင့် အံကရဲအလက(ခွဲ) ကျောင်းများကို ယာယီပိတ်ထားရကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် လူနှင့်တိရစ္ဆာန်များ ရွှေ့ပြောင်းနေထိုင်မှု မရှိသေးကြောင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုလည်း မရှိသေးကြောင်း ငပြေမကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**






## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်3N/2523 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၉)၊ အကွက်အမှတ်(၁+၁၀တိုးချဲ့)၊ ဦးပိုင်(၂၅၈)၊ဧရိယာ၀ဒသမ၀၉၆ဧက၊ အမှုတွဲအမှတ် ၉၈၇–၅/၂၀၁၈–၁၉(အေ)ဖြင့် ဒေါ်လင်းသက်သက်အောင် ၈/ပဖန(နိုင်)၀၈၄၁၂၃ မှ အမည်ပေါက် ပိုင်ဆိုင်မြေကွက်ကို အိမ်ခြံမြေကွက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ်(၃၁၂၂/၂၀၂၂)ဖြင့် ဒေါ်ရန်ကျူးမိန် ၁၃/မဆန(နိုင်)၀၈၁၈၅၅ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပြီးဖြစ်၍ ဒေါ်ရန်ကျူးမိန်မှ အမည်ပြောင်း လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း(၁၅)ရက်အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁၊ ရမ်ပူမြောက်)၊ ဦးပိုင်အမှတ်(၁၁၁/၂၂)၊ မြေဧရိယာ ၀ဒသမ ၁၈၇ဧကရှိ မြေကွက်အား ဦးဆာဒစ်အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပြီး ဦးဆာဒစ်ထံမှ ဦးမင်းသိန်းက ၁–၁၁–၂၀၂၁ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးမင်းသိန်းအမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ မြို့မလမ်း (ခ) စာတိုက်လမ်း၊ တတိယထပ်(၄)လွှာ၊ တိုက်ကို မျက်နှာမူလျှင် (ယာ)၊ အမှတ်(၅၇)၊ (၂)ခန်းတွဲ၊ RC(၅)ထပ်တိုက် အဆောက်အအုံ၏ ဧရိယာ၅၀၆စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအောင်မြလင်း ၇/ပတန(နိုင်)၀၈၄၄၆၉၊ ဒေါ်သင်းယုမော် ၁၄/ဓနဖ(နိုင်)၁၇၇၃၂၉ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးသော်ဇင်ဟိန်း ၁၂/မဂတ(နိုင်) ၁၀၅၇၁၂က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသော်ဇင်ဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ**
**(စဉ်–၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ်(၃၅/၁၊ ဝက်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၁၄၃/ခ–၂)၊ မြေဧရိယာ၀ဒသမ ၀၆၀ဧကရှိ မြေကွက်အား ဒေါ်အေးကွယ်အမည်ဖြင့် ၆–၁၀–၂၀၁၈ရက်အထိ မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်အေးကွယ်ထံမှ ဦးသိန်းနန္ဒာက ၇–၇–၂၀၁၈ရက်တွင် အိမ်ခြံမြေ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် ကတိစာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူခဲ့ပြီးနောက် မူလဂရန်အမည်ပေါက်သူ ဒေါ်အေးကွယ်သည် မည်သည့်အရပ်ဒေသသို့ ပြောင်းရွှေ့နေထိုင်သွားသည်ကို မသိရှိတော့ပါကြောင်းနှင့် ဦးသိန်းနန္ဒာအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် အသစ်ရရှိရေးအတွက် ၂၅–၄–၂၀၂၂ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာ အမှတ်(၃၁၀/၂၀၂၂)ကို ၂၇–၄–၂၀၂၂ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာ မှတ်ပုံတင်အမှတ် (၁၉၂/၂၀၂၂) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်းယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၄၆၊ လူနေရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ်(၂၉၁)၊ အကျယ်အဝန်း (၄၀ပေX ၆၀ပေ)၀ဒသမ ၀၅၅ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၉၁၊ ဒီပါအေးမြလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်တို့ကို ဦးအေးချို ၁၂/သလန(နိုင်)၀၉၁၂၂၈၊ (ISN–204852) အမည်ပေါက်ထံမှ GP ရရှိထားပြီးရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစည်သူစိုး ၁၄/မအပ(နိုင်)၂၇၇၀၉၃ ထံမှဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီအပြီးသတ် ဆက်လက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင် (LL.B)(စဉ်–၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ် (၅/၁၁)၊ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မုဒိတာ အိမ်ရာ(၁)မှ အခန်းအမှတ်(B–159)(B–160)တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်နွယ်ဦး ၁၄/ဟသတ(နိုင်)၀၀၃၂၇၁ထံမှ ကျွန်တော် ဦးရဲထွဋ်အောင်က ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

**ဦးရဲထွဋ်အောင် ၁၂/ကမရ(နိုင်)၀၀၃၁၀၄**
**(ဖုန်း–၀၉–၇၉၉၉၆၅၃၇၀)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင် ၁၂လမ်း၊မြေကွက်အမှတ် (H–၁၄၁) ဟုခေါ်တွင်သော မြေကွက်၏တောင်ဘက်ခြမ်း အလျားxအနံ(၂၀x၆၀)ပေ အကျယ်ရှိ ဒေါ်အေးမြခိုင် အမည်ပေါက် စလစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်နှင်းနှင်းသန်း ၁၂/ဗတထ(နိုင်)၀၁၀၅၉၈ နှင့် ဦးကောင်းထက်ရှိန်း ၁၂/ဗတထ(နိုင်)၀၃၉၂၀၉ တို့က ပြန်လည်ဝယ်ယူရန်အတွက် ဆက်စပ်စာချုပ်များဖြင့် အဆင့်ဆင့် ပြန်လည်ဝယ်ယူကာ လက်ရှိထား အကျိုးခံစားလျက်ရှိသူ ဦးတင်ဝင်း ၁၂/မဂတ(နိုင်)၀၀၈၉၅၅ အား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| ဦးဇာနည်(LL.B, D.B.L) | ဒေါ်နှင်းနှင်းထွေး(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၄၆၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၄၉၆၈) |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့နယ်**
**ဖုန်း– ၀၉–၄၂၀၃၀၀၂၆၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သရက်တပင်အုပ်စု၊ သရက်တပင်ကျေးရွာနေ ဦးတင်ဦး ၇/မလန(နိုင်) ၀၀၃၇၅၄နှင့် ဒေါ်စန်းညွန့် ၇/မလန(နိုင်)၀၀၃၆၈၁တို့၏သား မောင်ဇင်မင်းဦး ၇/မလန(နိုင်)၀၇၀၇၄၁သည် မိဘ၏ ဆိုဆုံးမခြင်းကို မလိုက်နာဘဲ ၎င်း၏ သဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ**
**ဦးတင်ဦး–ဒေါ်စန်းညွန့်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၉၄)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်ခင်ခင်သိန်း ၁၁/စတန(နိုင်) ၀၁၂၇၄၁ အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိအဆက်အစပ်စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်နောင်ဦး ၆/ကစန(နိုင်)၀၈၉၈၄၉ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်တော် ဦးအောင်မြင် ၅/မရန(နိုင်)၀၃၉၈၃၂မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်တော် ဦးအောင်မြင်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင်၅/မရန(နိုင်)၀၃၉၈၃၂**
**အမှတ်(၂၀၆)၊ ကြယ်တံခွန်လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၁၀၃၈၁၉၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃) ရပ်ကွက်၊ လူနေရပ်ကွက် ၁၃၊ မြေကွက်အမှတ် ၁၂၈၁၊ မြေညီထပ်(မြောက်ဘက်ခြမ်းအပိုင်း)၊ ဓမ္မဓိဌာန် ဘုန်းကြီးကျောင်းလမ်း၊ စတုရန်းပေ(အလျား ၁၄x ၄၅) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းပေါ်ရှိ ရေမီး အပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန် အမည်ပေါက် ပိုင်ဆိုင်သူ ဦးမြင့်ခိုင် ၁၂/သဃက(နိုင်)၀၉၆၃၇၉ ထံမှ ဆက်စပ်စာချုပ်များအရ တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု တာဝန်ခံသူ ဒေါ်ကျင်ရီ ၁၂/ကတတ(နိုင်)၀၀၆၁၆၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ အကျိုးသက်ရောက်ခွင့်ရှိသူဖြစ်ကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ တစ်ပတ်အတွင်း ပိုင်ဆိုင်ခွင့်နှင့်တကွ ခိုင်လုံသည့် စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဆိုင်းတောင်**
**အထက်တန်းရှေ့နေ(စဉ်–၄၃၁၆၁)**
**အမှတ် (၄၀၂–ဘီ)၊ ရွှေကမ္ဘာအိမ်ရာ (၂)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၇၉၅၀၉၅၇၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

